မန္တလေးနေ့စဉ်

The Mandalay Daily

ဥဉ္ဇဂ္ဂဒုဒ္ဒုနှစ် ၊ ဆို့ဝ်ဘာလ ဥဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၂၉) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက် ၊ ၂-၁၁-၂၀၂၆ ၊ တနလ်ာနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအဓမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

ယနေ့ ဖတ်စရာ အညွှန်း

ဆီနီဂေါနိုင်ငံ အပူဒဏ်လာယဲဝဒ် အားကစားကွင်း၌ ၂၀၂၆ ဒကာ လူငယ်အိုလံပစ်ပြိုင်ပွဲ စတင်ဖွင့်လှစ်ခဲ့

စာမျက်နှာ ၈

ဒေးဗစ်အိုတိုဘီ ပလင်စီယာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

စာမျက်နှာ ၁၁

ဖြူဖြူစင်စင် လွယ်အိတ်ကလေး (ဆောင်းပါး)

စာမျက်နှာ ၁၄

သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များ ပြသထား



ရန်ကုန် နိုဝင်ဘာ ၁

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ် ပုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင် အမွေအနှစ်များကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ပြကွက်များဖြင့် ပြသထားရှိရာ ဧဟန်း ရှင်လူပြည်သူများ၊ မျိုးဆက်သစ် လူငယ်များနှင့် ကျောင်းသား ကျောင်းသူများ လာရောက် လေ့လာ ဖူးမြော်ကြကြောင်း သိရသည်။

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အဖြစ်


စာမျက်နှာ ၃ သို့ ○

အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်း ပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ ပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညို အခြေအနေတွင် ဆက်လက် တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညို အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၃ သို့ ❖



NINO 3.4 ဧရိယာတွင် ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။

ဘန့်ဘွေး သစ်တောပျိုးဥယျာဉ်နှင့် လိပ်ကယ်ဆယ်ရေးစခန်းသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

နောင်ချို နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ သစ်တောပျိုးဥယျာဉ်နှင့်လိပ်ကယ်ဆယ်ရေးစခန်းသို့ ယနေ့နံနက်ပိုင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ သွားရောက်လေ့လာသည်။

သယဓာတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှု၊ နောင်ချိုမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊

စာမျက်နှာ ၃ သို့ ○



မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁

မနက်ဖြန် မွန်းတည့်မိုးအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိုပိစိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈လ

၂၀၂၆ ခုနှစ်၊ နိဝင်ဘာ ၂ ရက်၊ တနလာဂေန့။

သဘာဝပတ်ဝန်းကျင်ကို လှုပအောင်ပန်တီးပေးရပည်

မိမိတို့၏ပတ်ဝန်းကျင်တွင် သဘာဝအလှတရားများစွာရှိသည်။ သဘာဝပတ်ဝန်းကျင် အလှတရားများကို ကြည့်ရှုခံစားတတ်သူများသည် ဆုလာဘ်တစ်ခုကို ရရှိသကဲ့သို့ ရွှင်လန်းနိုင်မည်ဖြစ်သည်။သဘာဝအလှကို ကြည့်မြင်သူတို့အဖို့ နေ့တစ်နေ့၏ အချိန်တိုင်း၌ သဘာဝအလှတို့ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ဓနုနက်ခင်းချိန် ကျေးငှက်များ၏ တေးဆိုသံသည်လည်းကောင်း၊ နေ့လယ်ခင်း၏ နေရောင်ခြည်ကို ကြဲကြဲခံကာ ရပ်တည်နေသော သစ်ပင်ကြီးများသည်လည်းကောင်း၊ ညနေခင်း၌ နေဝင်ချိန် ဆည်းဆာအလှ၊ညဘက်တွင် လမင်းနှင့် ကြယ်များ စသည်တို့သည်လည်းကောင်း သဘာဝပတ်ဝန်းကျင်အလှများဖြစ်သည်။

ထို့အပြင် သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝတေးအန္တရာယ်ကို အထိုက်အလျောက်လျော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။ မိမိတို့ ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်ရေးသည်လူသားတိုင်းအတွက် တာဝန်ရှိသောအရာပင်ဖြစ်သည်။ မိမိတို့ နေထိုင်သော ပတ်ဝန်းကျင်ကို သာယာအောင်၊ စိုပြည်သည်ထက် ပိုမိုစိုပြည်လာအောင် ကြိုးပမ်းရင်း လူသားတို့၏တန်ဖိုးမှာ မြင့်တက်လာမည်ဖြစ်သည်။

သဘာဝသယံဇာတများ၊ မြေအရင်းအမြစ်များရေ အရင်းအမြစ်များ၊ သစ်တောအရင်းအမြစ်များစသည်တို့ကို ထိန်းသိမ်းခြင်းသည်လည်း သဘာဝပတ်ဝန်းကျင်အလှကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ စိမ်းလန်းမှစိုပြည်၊ စိုပြည်မှရွှင်လန်း၊ ရွှင်လန်းမှ ကျန်းမာ၊ ကျန်းမာမှ ချမ်းသာခြင်း အစစ်ကို ရယူနိုင်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အလှတို့သည် လူသားတို့၏ ပြင်ဆင်မွမ်းမံထားသော အိုးအိမ်၊ တိုက်တာ၊ အဆောက်အအုံများနှင့် ကင်းကွာသည့် နေရာများတွင် ထူးခြားစွာတည်ရှိနေသည်။ သဘာဝအလှသည်ပြုပြင်မွမ်းမံခြင်းမရှိ၊ ဟန်ဆောင်ခြင်းကင်းသော၊ ရှုပ်ထွေးခြင်းနှင့်မွမ်းကြပ်ခြင်းကင်းသော အလှတရားများပင်ဖြစ်သည်။ မိမိတို့နိုင်ငံသည် သယံဇာတများအပါအဝင် စိမ်းလန်းစိုပြည်သော သဘာဝအလှများစွာ ရှိနေပါသည်။ သဘာဝပတ်ဝန်းကျင်အလှကို စာမဲ့၍လည်းမမှီပါ။ ပန်းချီစုတ်ချက်တို့ဖြင့်လည်း အပြည့်အဝ မဖော်ကျူးနိုင်ပါ။တစ်မျိုးခြင်းစီ၏ အလှကို ဖော်ကျူး၍ မဆုံးအောင် ထူးခြားများပြားလွန်းလှသောကြောင့်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်အလှတို့သည် အလှတရားများစွာထဲတွင် ထူးခြားသောအလှတရားများပင်ဖြစ်သည်။ အာယ်ကြောင့်ဆိုသော် အခြားသော အလှတို့သည် အခြေအနေအချိန်အခါကို လိုက်၍ ပြောင်းလဲနိုင်သော်လည်း သဘာဝပတ်ဝန်းကျင်အလှတို့သည် ပျက်စီးမှုမရှိသ၍ မပြောင်းလဲပါ။ ထို့ကြောင့်လူသားတို့အား အကျိုးပြုလျက်ရှိသော သဘာဝပတ်ဝန်းကျင်အလှကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ "ဥတုရာသီ တောကိုမှီ" ဟု ဆိုသကဲ့သို့ မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်၏ ရာသီဥတု မှန်ကန်မှုအတွက် သစ်တော၊ သစ်ပင်များမှာ လွန်စွာအရေးပါလျက်ရှိရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် သဘာဝပတ်ဝန်းကျင်အလှတရားကို မပျက်စီးအောင် ထိန်းသိမ်းရမည်ဖြစ်သည်။ မိမိတို့၏ နောင်လာနောင်သားများကောင်းစားရေးအတွက် သစ်ပင်၊ ပန်းမန်များစိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်အလှတရားများကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

ငွေကြေးခဝါချမှု အသိပညာပေးဆွေးနွေးပွဲ၊ ထပ်ဆင့်အသိပညာမြှင့်တင်ရေး ဆင့်ပွားသင်တန်း ကျင်းပ

မြင်ဦးလွင် နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းမှ ကြီးမှူးကျင်းပသော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ၊ ထပ်ဆင့်အသိပညာမြှင့်တင်ရေး ဆင့်ပွားသင်တန်းနှင့် Professional Real Estate Basic Training Course အခမ်းအနားကို ယနေ့ ဇန်နဝါရီ ၈ရက်နေ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပပြု လုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူး၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်းအင်အား (၃၅၀) ဦးခန့် တက်ရောက်ခဲ့ကြသည်။

ရေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းဗဟို၊ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်မိုးမိုးထွန်းက အမှာစကားပြောကြားခြင်း၊ တံတားဦးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (AML/CFT)ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးနန်းချစ်ဦးက သတင်းပို့အဖွဲ့အစည်းများ ခေါင်းစဉ်ဖြင့် သင်တန်းပို့ချခြင်း၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးဌာန (AML/CFT) ဦးစီးဌာနမှ ဒုတိယရဲမှူး ဦးအောင်မင်းထွဋ်က ဆွေးနွေးပြော ကြားခြင်း၊ အခွန်ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သိဂီဂိုင်းက ဆွေးနွေး ပြောကြားခြင်း၊ သင်တန်းပို့ချ(Systematic Sales and Essential Skill of Customer Service in real Estate sector) ဦးကျော်မင်းဦးက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ဝိုင်ဟိန်း

o-o-o-o-o

ညောင်ဦးခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ဝန်ထမ်းမိသားစုဝင်များအား အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိ

ညောင်ဦး နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီလာဟိန်း ဦးဆောင်မှုဖြင့် ညောင်ဦးခရိုင်/ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစုဝင်များ၊ ကွန်ပျူတာ စိတ်ဝင်စားသူများ အခြေခံကွန်ပျူတာသင်တန်းကို ယနေ့ ဇန်နဝါရီ ၉ ရက် စတင်ကာ ဖွင့်လှစ်သင်ကြားပေး လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝန်ထမ်းမိသားစုများ၊ ကွန်ပျူတာ ဘာသာရပ်စိတ်ဝင်စားသူများ အခြေခံကွန်ပျူတာသင်တန်းတက်ရောက်လျက်ရှိပြီး ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကွန်ပျူတာသင်တန်းတက်ရောက်သူများ၊ သင်တန်း ဆရာမများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

(၄၈၁)

o-o-o-o-o

၃၈ ပြာမင်္ဂလာတရားတော်နှင့် ပုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်နှင့် အလှူငွေပေးအပ်လှူဒါန်း

မန္တလေး နိဝင်ဘာ ၁

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုမှကြီးမှူး ကျင်းပသော ၃၈ ဖြာမင်္ဂလာတရားတော်နှင့်ပုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း တိုင်းဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ပြဋ္ဌာန်းစာအုပ်များပေးအပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ ဇန်နဝါရီ ၀၆ ရက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်၊ ၁၂၇လမ်း၊ ၄၉ လမ်းနှင့် ၅၁ လမ်းကြားရှိ မင်္ဂလာကျောင်းတိုက်၊ သုခမလာဓမ္မမိမာန်တွင်ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ၊ မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ၏ သြဝါဒစရိယဆရာတော် ဘဒ္ဒန္တဉာနိန္ဒ အမှူးပြုသောဆရာတော်သံဃာတော်များ၊ ပြည်သူ့လွတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ပြည်ကြီးတံခွန်မြို့နယ် ဦးဆောင်နိုင်ဦး၊ မဟာဆောင်မြေမြို့နယ်ဦးဝိုးနိုင်၊ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA ဥက္ကဋ္ဌ မင်္ဂလာမွန်ဇော်ကိုကဇ ဦးမိုးဇော်ထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမြင့်ဦး၊ ဒေါ်ဖြူဖြူဆန်းနှင့် မြို့နယ်အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ၊ ပြည်ကြီးတံခွန်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတိုင်းကော်မတီဝင် ဒေါ်လှလှအေးနှင့် ပါတီဝင်များ၊YMBA မြို့နယ်အသင်းဥက္ကဋ္ဌများ နှင့် တာဝန်ရှိသူများ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ (၁၅၀)ကျော် တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုကြပြီး မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဆရာတော်က သြဝါဒါစကားမိန့်ကြား၍ တိုင်းဒေသကြီးဥက္ကဋ္ဌ ကအဖွင့်အမှာစကားပြောကြားပြီး လွတ်တော်ကိုယ်စားလှယ်က နှုတ်ခွန်းဆက်စကားပြောကြား၍ တိုင်းဒေသကြီး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်နှင့် ဘောပင်များ အသီးသီးလှူဒါန်းကြပြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသို့ အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ကြီးတံခွန်မြို့နယ်ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဥက္ကဋ္ဌ ဦးအုန်းမြင့်က ကျေးဇူးတင်စကားပြောကြား၍ အခမ်းအနားကို ဗုဒ္ဓသာသနာ့စိစ်ရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

o-o-o-o-o



သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉ ၃၅လမ်းနှင့် ၇၁လမ်းထောင့်

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းရှိ စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး အလုပ်ရုံလည်ပတ်နိုင်ရေး၊ ရိမက်သံရည်ကျိုမီးဖို လည်ပတ်နိုင်ရေးတို့အတွက် ညှိနှိုင်းအစည်းအဝေးကို ရုံးပြည်နယ်တောင်ကြီးမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စက်ရုံအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

အစည်းအဝေးတွင် စက်မှုနှင့် အသေးစား၊ အလယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက စက်ရုံမှ ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ အချိန်ဇယားပြီးစီးရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းစီမံခန့်ခွဲမှု စနစ်ပါလမ်းညွှန်ချက်များအတိုင်း တိတိကျကျလိုက်နာ



ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ နှင့်စပ်လျဉ်း၍ စီမံကိန်းစီမံခန့်ခွဲမှု စောင့်ကြည့်ဖေးမများဖြင့် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များဖြင့် ပူးပေါင်းဆောင်ရွက်နေရ၍ အချက်အလက်ခိုင်ခိုင်မာမာဖြင့် တိတိကျကျ ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံ လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းများ စစ်ဆေးဆောင်ရွက်မှု၊ တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံတို့ကို ရှင်းလင်းတင်ပြမှု အပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ထုံးကျောက်နှင့်ဒိုလိုမိုက်အလုပ်ရုံတွင် စက်များ တပ်ဆင်ထားမှုနှင့် စမ်းသပ်လည်ပတ်နေမှု၊ စွန့်ပစ်အပူသုံးဓာတ်အားပေး အလုပ်ရုံတွင် ဝန်ထမ်းများနှင့် ပြည်ပကျွမ်းကျင်ပညာရှင်များပူးပေါင်း၍ စက်ပစ္စည်းများ စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းများ ဆောင်ရွက်နေမှု၊ ရိမက်နည်းပညာသုံး သံရည်ကျိုမီးဖိုတွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြစ်သားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်း ပြန်လည်ရောက်ရှိလာသူများအား ကြိုဆိုဂုဏ်ပြု

မြစ်သား နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းအပတ်စဉ်(၆)တွင် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူအား လွတ်တော်ကိုယ်စားလှယ်များက ယနေ့ နံနက် ၉ နာရီက မြို့မအရှေ့ရပ်ကွက်၊ ကင်းတားဝန်းရပ်၌ ကြိုဆိုဂုဏ်ပြုခဲ့သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းတွင် ကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိသူ ဦးရဲစော်အား တိုင်းဒေသကြီးလွတ်တော် အမှတ်(၁)ကိုယ်စားလှယ် ဦးသန်းဦး၊ တိုင်းဒေသကြီးလွတ်တော် အမှတ်(၂)ကိုယ်စားလှယ် ဒေါ်သီသီကျော်(ကျောက်ဆည်)၊ မြို့မအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဒေါ်နွယ်နွယ်စန်းနှင့် ရပ်ကွက်နေ ပြည်သူများမှ အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)



❂ ရှေ့ဖုံးမှ

ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို မျိုးဆက်သစ် လူငယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်နှင့် သာသနာတော်ကို ကြည်ညိုလေးစားသည့် စိတ်ဓာတ်များ တိုးပွားလာစေရန် ရည်ရွယ်ပြသခြင်းဖြစ်သည်။

မဟာ ပါသာဏလိုဏ်ဂူ၌ သိမ်တော်၏ သမိုင်းကြောင်း၊ ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက်များအဖြစ် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်းပွားတော်မူခန်း၊ ဘုရားဖြစ်



တော်မူခန်း၊ ပဥ္စဝဂ္ဂိုဠီးဦးအား ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန် စံတော်မူခန်းပြကွက်၊ အိန္ဒိယနိုင်ငံတွင် နှုတ်တက်အာဂုံရွတ်ဆို၍ တင်တော်မူခဲ့ကြသည့် သင်္ဃိယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဃိယနာတင် ပြကွက်၊ ဒုတိယသင်္ဃိယနာတင် ပြကွက်၊ တတိယသင်္ဃိယနာတင် ပြကွက်၊ သီရိလင်္ကာနိုင်ငံ၌ပေထက်အက္ခရာ တင်ခဲ့သည့် စတုတ္ထသင်္ဂိယနာတင် ပြကွက်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထက် အက္ခရာတင်ခဲ့သည့် ပဥ္စမသင်္ဂိယနာတင် ပြကွက်၊ ကုသိုလ်တော် ဓမ္မစေတီများကို ပြသထားရှိသည်။

ထိုသို့ ပြသထားရှိမှုကို ယနေ့ နံနက်ပိုင်းတွင် မရန်းကုန်းမြို့နယ် အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၃၀၀ နှင့် ရဟန်းရှင်လူပြည်သူ ၇၀၀ ကျော် စုစုပေါင်း ၁၀၀၀ ကျော် လာရောက်လေ့လာဖူးမြော်ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ အယ်လ်နီညှိမှု

အယ်လ်နီညှိဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညှိဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံ မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့် ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညှိဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးနိုင်ခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်း၊ အပူရှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလောင်တမံများတွင် ရေဝင်နည်းပါးခြင်းကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုထားသည်။

မိုး/ဇလ

❍ ဘန့်ဘွေးမှ

ကျောက်မဲခရိုင် သစ်တောဦးစီးဌာနနှင့် နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနတို့၏ပူးပေါင်းစီမံမှုဖြင့် လာရောက်ကြသည့် လေ့လာရေးအဖွဲ့အား နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနမှ ဦးကျော်ကျော်ထွန်းက ဘန့်ဘွေးသစ်တောဂျိုးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ ဂျိုးထောင်ခြင်းနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး လိပ်ကယ်ဆယ်ရေးစခန်း တာဝန်ခံဒေါက်တာတင့်လွင်က လိပ်များ မွေးမြူထားမှုအခြေအနေ၊ လိပ်ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားခြင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လိပ်စခန်းအတွင်း လေ့လာကြည့်ရှုခဲ့ကြသည်။

စုစုပေါင်း ၆၉၉ ကောင်ရှိ

အဆိုပါ လိပ်ကယ်ဆယ်ရေးစခန်းကို နောင်ချိုမြို့နယ် သစ်တောဦးစီးဌာန ဘန့်ဘွေးဘိနယ်စခန်းအတွင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်၌ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)နှင့် လိပ်မျိုးဆက်ရှင်သန်ပြန့်ပွားရေးအဖွဲ့ (TSA)တို့၏ နည်းပညာနှင့် ရန်ပုံငွေအထောက်အပံ့များဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလအထိ လိပ်မျိုးစိတ်များ ထိန်းသိမ်းပြုစုစောင့်ရှောက်ထားမှုအနေဖြင့် လိပ်ကြက်တူရွေး ၃၄၅ ကောင်၊ လိပ်မောင်း ၁၄၀၊ လိပ်ပါဒ ၆၅ ကောင်၊ ရခိုင်တောင်လိပ်နှစ်ကောင်၊ လိပ်မဲကြီး နှစ်ကောင်၊ လိပ်ပုတ် ၂၄ ကောင်၊ လိပ်ပါးနီ ၁၂၁ ကောင် စုစုပေါင်း ၆၉၉ ကောင်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

မန္တလေး နိုဝင်ဘာ ၁

မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေး၊ ယဉ်ကျေးမှု ဖလှယ်ရေးလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြီး မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးမှ ကြီးမှူး၍ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ(MCC)တွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ Ms.Gao Ping၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ့ရိုးရာကျောက်ဆည် ဆင်အကနှင့် တရုတ်ရိုးရာခြင်္သေ့အကတို့ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် Landmark ပြခန်းများကို ကြည့်ရှုကြသည်။

ဌင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တရုတ်ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား၊ ကျောင်းသူများက မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေးယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေမှုများနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး အသင်း၏ လှည်ရှားမှု Video Clip တို့ကိုကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ပွဲတော်သည် မြစ်ဝှမ်းဒေသများ၏ ယဉ်ကျေးမှုနှင့်ဖွံ့ဖြိုးရေးအတွေ့အကြုံများကို အပြန်အလှန်လေ့လာနိုင်သည့် အခွင့်အရေးတစ်ခုဖြစ်ပြီး ဒေသအချင်းချင်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေ၍ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်တွင်းစျေးကွက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည့် အခြေခံကောင်းများဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌင်းနောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်၊ မြန်မာ-တရုတ်နှစ်နိုင်ငံ ချစ်ကြည်ရေးအသင်း(ဗဟို)ရုံးခွဲ-မန္တလေးမှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဧရာဝတီ-ယန်ဇီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ၂၀၂၆ တွင် ပါဝင်ကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် အလှူရှင်များကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့၊ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက မြန်မာ-တရုတ်နှစ်နိုင်ငံ ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်တွင် ပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း၊ ပွဲတော်ကို နိုဝင်ဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဟောပြောပွဲများ၊ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

၂၀၂၆ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ



မန္တလေး နိုဝင်ဘာ ၁

၂၀၂၆ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလားကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း Multipurpose Stadium တွင် ကျင်းပသည်။

အခမ်း အနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီ ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ဝါသနာရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဌင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများက အမျိုးသား Fitness Physique Open ပြိုင်ပွဲ၊ အမျိုးသား Sport Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Sport Physique Over 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Over 170 cm ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ (၅၅)ကီလိုတန်း၊ (၆၀)ကီလိုတန်း၊ (၆၅)ကီလိုတန်း၊ (၇၀)ကီလိုတန်းနှင့် (၇၅)ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Up to 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Over 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique Open ပြိုင်ပွဲ၊ အမျိုးသမီး Fitness Physique Open ပြိုင်ပွဲ၊ (၇၅)ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲတို့တွင် ဆုရှိသူများကို ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းမှ စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁

မန္တလေး၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းမှ စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို မဟာအောင်မြေမြို့နယ် လူထုအခြေပြု ဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာကိုယ်ချစ်(မန္တလေး)ကလည်း ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်နုက စာပေညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး စာရေးဆရာမကြီး မေကျော်(ပြန်/ဆက်)က ဗဟိုအလုပ်မှဆောင်ကော်မတီစာရင်းများကို ဖတ်ကြား၍ ရှေ့လုပ်ငန်းစဉ်များကိုလည်း ဖတ်ကြားတင်ပြခဲ့သည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ် အတွက် တောင်ကလေးအဲခိုး စာပေဆု(ဒုတိယအကြိမ်)တွင် ပြည်သူချစ်သော ဘဒွေးကြီး(သို့မဟုတ်)မြို့တော်သိန်းအောင် စာမူဖြင့် စာပေဒေသာဆု(ဝါသနာရှင်အဆင့်)၌ ပထမဆုရရှိသော မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဝင် ဆရာဒီလှိုင်းဝင်း(မန္တလေး)အား စာရေးဆရာအသင်းမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ယာဝုံ)**



အဆို ပါအခမ်းအနားသို့ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် စာရေး ဆရာကြီး၊ ဆရာမကြီးများ၊ စာပေပါသနာရှင်များ တက်ရောက်ပြီး အခမ်းအနားမှူး အဖြစ် သိရသည်။ **အောင်စော်မင်း**

စာရေးဆရာ သိုက်ဖွားထွန်းက ဆောင်ရွက်ပေးကြောင်း

လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံလုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ကြောင်း FATF မှ ဆုံးဖြတ်

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၆-၁၀-၂၀၂၆ ရက်မှ ၃၀-၁၀-၂၀၂၆ ရက်အထိ ကျင်းပခဲ့သည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့(Financial Action Task Force-FATF)၏ မျက်နှာစုံညီအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် FATF မှ ချမှတ်ထားသည့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံ(Action Plan) ၁၅ ချက်အနက် ၁၃ ချက်အား ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး FATF က အများပြည်သူသို့ ထုတ်ပြန်ကြေညာချက်အား ၃၀-၁၀-၂၀၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံအတွက် လူသားချင်း စာနာထောက်ထားမှုအကူအညီနှင့် ပြည်ပရောက် မြန်မာနိုင်ငံ လုပ်သားများ၏ ငွေလွှဲပို့မှုများကို အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးသွားရန် အဖွဲ့ဝင်နိုင်ငံများသို့ တိုက်တွန်းကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်ရှိသည့်အချက် ၂ ချက်အား ပြီးပြတ်အောင် ဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများကို ထိထိရောက်ရောက် တားဆီးရေး တိုက်တွန်းထားပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက ဦးဆောင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ FATF အဖွဲ့ဝင်နိုင်ငံကြီးများက ထောက်ခံဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်(၁-၁၁-၂၀၂၆)



* ဆိုင်ကလုန်းမုန်တိုင်းမှ

ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ပိုမို အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်း "မူရာစု" အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မူရာစု"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၄၉၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ-အရှေ့တောင်ဘက် ရေမိုင် ၃၀၅ မိုင်ခန့်နှင့် မာလ်ဒီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၃၄၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း"မူရာစု"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

ဆိုင်ကလုန်းမုန်တိုင်း"မူရာစု"၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မူရာစု"သည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် မြောက်လတ္တီကျဉ် ၁၂ ဒသမ ၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျဉ် ၈၅ ဒသမ ၃ ဒီဂရီ တွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင် နှုန်းခန့်ဖြစ်သည်။

နောက် ၄၈ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း"မူရာစု"သည် အနောက်-အနောက်မြောက် ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး နိုဝင်ဘာ ၃ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေရှ်တောင်ပိုင်း ကမ်းခြေကို နယ်လိုရီမြို့နှင့် နာဆာပါမြို့တို့အကြား မှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။


သတိပေးနှိုးဆော်ချက်

ဆိုင်ကလုန်းမုန်တိုင်း "မူရာစု"၏ အရှိန်ကြောင့် ယနေ့ညနေမှ နိုဝင်ဘာ ၃ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွှမ်းပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မူရာစု"၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ



၁-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၅ : ၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "မူရာစု(MURASU)" လမ်းကြောင်းပြမြေပုံ။

စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

စဉ့်ကူး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကျည်တောက်ပေါက်ကျေးရွာရှိ ၁၆ ခုတင်ဆံ့ ကျည်တောက်ပေါက်တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကူးမြို့နယ်အမှတ်(၂) တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးဆောင်းတင်၊ သပိတ်ကျင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနိုင်အေး၊ စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းထွန်းနိုင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးခဲ့ပြီး ရွှေမိုးငွေမိုးများရွာသွန်းပေးခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက ဆေးရုံတွင် ဆေးကုသမှုခံယူနေသည့် လူနာများအား အားပေးစကားများပြောကြားပြီး ကြက်ဥ၊ ကွေကာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ဆေးရုံအတွင်း ဆေးကုသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားသည့် အခြေအနေများအား လှည့်လည် ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားနှင့် တာဝန်ရှိသူများ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား (၁၂၀၀)ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စာလွင်(ပြန်/ဆက်)

o-o-o-o-o

o-o-o



တစ်ချက်တည်းကျင်းဝင်

တောင်ကြီး နိုဝင်ဘာ ၁

ရှမ်းပြည်နယ် တောင်ကြီးမြို့တောင်ကြီးဂေါက်ကလပ်သည် သာယာလှပပြီး ဂေါက်သီးရိုက် အားကစားသမား အများအပြားလာရောက်ကစားသည့် ဂေါက်ကလပ်ဖြစ်သည်နှင့်အညီ ယမန်နေ့ နံနက်ပိုင်းက ကစားဖော်များဖြစ်သော ဦးဇော်မင်းတိုး၊ ဦးအောင်စိုးမြင့်၊ ဦးအောင်မြင့်ကိုကို၊ ဦးစိုးဝိုင်းတို့ ကစားသမားလေး ဦးကစားနေစဉ် ကျင်းနံပါတ် (၁၄)၊ ၁၃၅ ကိုက်အကွာမှ ဦးဇော်မင်းတိုးသည် Club .XXIO Pitching Wedge , Ball. Dunlop Master No.1 ဖြင့်ရိုက်ရာ တစ်ချက်တည်းကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(၄၈၁)

o-o-o-o-o

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရံမှ
သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ အကြမ်းဖက်သမားများက FPV Drone များဖြင့် တိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁

အကြမ်းဖက် သမားများ အကြိမ်ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့သည့် ၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းရှိ တာဝါတိုင်များကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင် အင်ဂျင်နီယာများနှင့် ကျွမ်းကျင် လုပ်သားများသည် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီ ၅၈ မိနစ်ခန့်တွင် အကြမ်းဖက် သမားများက အဆိုပါ လုပ်ငန်းခွင် အတွင်းသို့ FPV Drone များဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

ဖောက်ခွဲဖျက်ဆီးခံရ

အဆိုပါ ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်းသည် မြန်မာပြည်အထက်ပိုင်းရှိ ရေအားလျှပ်စစ် စက်ရုံများမှ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် မြန်မာပြည် အောက်ပိုင်းရှိ ဓာတ်အားသုံးစွဲနေသော ပြည်သူများထံသို့ ဓာတ်အားပို့လွှတ်နိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆိုပါ ဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၀၂၄ ခုနှစ်၊ ဧပြီ ၃ ရက်နှင့် ဧပြီ ၁၃ ရက်တို့တွင် အကြမ်းဖက်သမားများ၏ အကြမ်းဖက်ဖောက်ခွဲ ဖျက်ဆီးခံရမှုကြောင့် နေရာများစွာတွင် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

အဆိုပါ ပျက်စီးနေသည့် တာဝါတိုင်များကို ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် အကြမ်းဖက်သမားများက ယခုကဲ့သို့ FPV Drone များဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ တိုက်ခိုက်မှုကြောင့် စက်ကိရိယာ၊ ယန္တရားများပျက်စီးခဲ့ကြောင်း၊ ဆက်လက်၍ အဆိုပါဓာတ်အားလိုင်းကို အခက်အခဲအမျိုးမျိုးကြားမှ ကြိုးစားပြုပြင်သွားမည်ဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်း ပြုပြင်ပြီးစီးပါက မဂ္ဂါဝပ်(၂၀၀)ခန့် ပိုမိုပို့လွှတ်နိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းခွင်သို့ တိုက်ခိုက်သည့် FPV Drone ၏ မှတ်တမ်းပုံ။



၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်းပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေစဉ် အကြမ်းဖက်သမားများ၏ FPV Drone ဖြင့် တိုက်ခိုက်မှုကြောင့် Wheel Loader ၏ ပျက်စီးခဲ့မှုမှတ်တမ်းပုံ။







၂၃၀ ကေဗွီ တောင်ငူ - သာယာကုန်း ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ။



အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ၂၃၀ ကေဗွီ ပျက်စီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန်အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း။ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု။





တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား ၈၃ ဦးအား လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရာဖွေဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်ရှိ ယုဝရတ်ဟိုတယ်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦး နှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ အလုံးရေ၀၊ ဖုန်းမျိုးစုံ ၇၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများ ဖမ်းဆီးရမိသည့် နေရာပြပုံ





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူ ထိုင်းနိုင်ငံသား အမျိုးသား ၄၂ ဦးနှင့် အမျိုးသမီး ၄၁ ဦးတို့အား ဖမ်းဆီးရမိမှု။





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိသည့် အဆောက်အအုံနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

အမရပူရ အောက်တိုဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်အတွင်း ပွင့်လင်းရာသီနှင့် အယ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်နှင့် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးတို့ကို ရည်ရွယ်၍ အမရပူရမြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် ယနေ့နံနက်ပိုင်းက မှန်တန်းရပ်ရှိ၊ ဝက်ကုန်းရပ်ကွက်၌ တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးသတ်မူရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုးက အနီးကပ်ကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ရပ်ကျေးအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့နိုင်



အိတလိဗီးဂိုးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)အနိုင်၊ အရှုံး				NGB
ကိုပို	၁	-	၀	ပင်နိုဒီယာ
ဖရိစ်နိန်	၂	-	၀	တိုရိုနို
လာဇီယို	၂	-	၁	ကက်ဂလီယာရီ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး				NGB
စထာရာဘော့စ်	၅	-	၁	အော်ဇေး
လိုင်ယွန်	၂	-	၀	အန်းဂါးစ်
ပဲရစ်	၃	-	၁	မိုနာကို

ဂျာပန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၈)အနိုင်၊ အရှုံး				NGB
ယူနိုင်ယံဘာလင်	၁	-	၁	ကိုလုံး
ဗရန်ဇင်	၃	-	၁	ဟမ်းဘတ်

ဓပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁) အနိုင်၊ အရှုံး				NGB
ဂီတာဖေး	၃	-	၁	ဆီဗီလာ
ရေးဆင်း	၀	-	၃	ရီးရဲလ်မက်ဒရစ်

အင်္ဂလိပ်ပရီမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၉) အနိုင်၊ အရှုံး				NGB
လီဗာပူး	၀	-	၁	အာဆင်နယ်

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

ဆီနီဂေါနိုင်ငံ အဗ္ဗဒူလာယဲဝဒ် အားကစားကွင်း၌ ၂၀၂၆ ဒကာ လူငယ်အိုလံပစ်ပြိုင်ပွဲ စတင်ဖွင့်လှစ်ခဲ့

ဒကာ နိုင်ငံဘာ ၁

၂၀၂၆ ဒကာ လူငယ်အိုလံပစ်ပြိုင်ပွဲကို အောက်တိုဘာ ၃၁ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး အာဖရိကမြေပေါ်တွင် ပထမဆုံး အကြိမ်ကျင်းပသည့် အိုလံပစ် အားကစားပွဲတော်တစ်ခု ဖြစ်ကြောင်း စီအင်နဲ့အင်နဲ့သတင်းဌာနက ဖော်ပြသည်။

ဖွင့်ပွဲအခမ်းအနားကို ဆီနီဂေါနိုင်ငံ၏ မြို့တော် ဒကာနှင့် ကီလိမီတာ ၃၀ အကွာတွင် တည်ရှိသော်မြို့သစ်ဖြစ်သည့် ဒိုင်ယမ်နီယာဒီယိုရှိ ပရိသတ် ၅၅,၀၀၀ ဝင်ဆံ့သော အဗ္ဗဒူလာယဲဝဒ် အားကစားကွင်း၌ ကျင်းပသည်။

အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ဒကာ၊ ဒိုင်ယမ်နီယာဒီယိုနှင့် ဆာလီမြို့တို့၌ ကျင်းပသည့် စတုတ္ထ အကြိမ်မြောက် လူငယ်အိုလံပစ်ပြိုင်ပွဲတွင် နိုင်ငံနှင့် ဒေသပေါင်း ၂၀၀ ကျော်မှ အားကစားသမား ၂,၆၀၀ ကျော် ပါဝင်ပြိုင် တရား ဝင်ပြိုင်ပွဲ အစီအစဉ်တွင် အားကစားနည်း ၂၅ မျိုးနှင့်အတူ ပါဝင် လှုပ်ရှားမှုဆိုင်ရာ အားကစားနည်း ၁၀ မျိုးပါဝင်ကြောင်း သိရသည်။



Mon

ကမ္ဘောဒီးယား၌ တရုတ်နဂါးလှေပြိုင်ပွဲကျင်းပ

ဖနောင်ပင် နိုဝင်ဘာ ၁

ကမ္ဘောဒီးယားနိုင်ငံ တောင်ပိုင်းတကဲအိုပြည်နယ်တွင် တရုတ်နဂါးလှေပြိုင်ပွဲကို အောက်တိုဘာ ၃၁ရက်က ကျင်းပခဲ့ရာ ဒေသခံပေါင်းများစွာ တက်ရောက် အားပေးခဲ့ကြောင်း တကဲအိုပြည်နယ်အုပ်ချုပ်ရေးမှူး ဗေး ဆမ်နန်က ပြောကြားသည်။ အဆိုပါ ပွဲတော်တွင် နဂါးလှေ ၃၆စင်းနှင့် အတူလှေထိုးသားရာပေါင်းများစွာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။



အဆိုပါပွဲတော်တွင် နဂါးလှေပြိုင်ပွဲများအပါအဝင် ဂီတဖျော်ဖြေပွဲများ၊ ရိုးရာအနုပညာ ဖျော်ဖြေတင်ဆက်မှုများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အစားအစာများ ပြသရောင်းချခြင်းတို့ ပါဝင်ပြီး ဒေသတစ်ခု ထုတ်ကုန်တစ်ခု စီမံကိန်းမှ ထုတ်ကုန်များလည်း ပါဝင်ပြသခဲ့ကာ ညအချိန်တွင် မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြောင်း လူမှုမီဒီယာတွင် ၎င်းက ပြောကြားသည်။

နိုင်ငံတကာနှင့် ပြည်တွင်းမှ ခရီးသွားများအနေဖြင့် တက်ကြွပြီး ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ယခုကဲ့သို့သော ရိုးရာယဉ်ကျေးမှုကို ခံစားနိုင်ရေး အတွက် ပြည်နယ်အတွင်းသို့ လာရောက်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ သမိုင်းဝင်လှေပြိုင်ပွဲများသည် ၁၁ ရာစုနှောင်းပိုင်း ရှေးခမာအင်ပါယာခေတ်က ခမာရေတပ်အင်အားကို ဂုဏ်ပြုဖော်ညွှန်းထားခြင်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

အသက် ၁၈ နှစ်အရွယ် စင်ကာပူမယ် ရိယိုနာ ခရစ်ရှန်နှင့် ဒစ်ဂေး ဆယ်ကျော်သက်အာရှမယ်စကြဝဠာဆု ပထမဆုံး ဆွတ်ခူးရရှိ

စင်ကာပူ နိုဝင်ဘာ ၁

အသက် ၁၈ နှစ်အရွယ် ရိယိုနာ ခရစ်ရှန်နန် ဒစ်ဂေး သည် ဆယ်ကျော်သက်အာရှမယ် စကြဝဠာ ဆုကို ပထမဆုံး ဆွတ်ခူးရရှိခဲ့သည့် စင်ကာပူနိုင်ငံသူ ဖြစ်လာခဲ့ကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။

၄င်းသည် ကမ္ဘောဒီးယား နိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပခဲ့သည့် ဗိုလ်လုပွဲတွင် အခြားသောကိုယ်စားလှယ်ပေါင်း ၃၀ ကျော်နှင့် ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ရိယိုနာသည် အွန်လာခဲ့ကြောင်း စီအင်နဲ့အေသတင်းဌာနက ဖော်ပြသည်။



ဆုကိုလည်း ရရှိခဲ့သည်။

၄င်း၏ အလှမယ်လှုပ်ရှားမှု ဆိုင်ရာ ရည်မှန်းချက်သည် အသက် ၁၁ နှစ်အရွယ်ကတည်းက စတင်ခဲ့သည့် ပရဟိတ လုပ်ငန်းများမှ တစ်ဆင့် ကလေးသူငယ်များ၏ ပညာရေးနှင့် သင်ယူခွင့် ရရှိရေးတို့အပေါ် အဓိက အလေးပေးထားကြောင်း သိရသည်။

Mon

ထိုင်းလေကြောင်းလိုင်း၏ တီဂို ၆၁၁ ခရီးသည်တင်လေယာဉ်ခရီးစဉ် တရုတ်နိုင်ငံ ရှာပင်မြို့ မှထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဇော်သို့ ထွက်ခွာခဲ့

ဘန်ကောက် နိုဝင်ဘာ ၁

တရုတ်နိုင်ငံ ရှာမင်းမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာခဲ့သည့် ထိုင်းလေကြောင်းလိုင်း၏ တီဂို ၆၁၁ ခရီးသည်တင် လေယာဉ်ခရီးစဉ်သည် ခြောက်နှစ်ကြာ ရပ်နားထားပြီးနောက် အဆို ပါ လေကြောင်းလမ်းကြောင်းသို့ ပြန်လည်ပြေးဆွဲခြင်း အထိမ်းအမှတ် ဖြစ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနကဖော်ပြသည်။

ထိုင်းလေကြောင်းလိုင်းသည် ယင်းခရီးစဉ်ကို ၄င်း၏ ပထမဆုံး အဲယားဘတ်စ် လေယာဉ်ဖြင့် အင်္ဂါ၊ ကြာသပတေး၊ စနေ နှင့် တနင်္ဂနွေနေ့များတွင် ပြေးဆွဲလျက်ရှိပြီး ယခင်က ရှာမင်းလေကြောင်းလိုင်း တစ်ခုတည်းကသာ အဆိုပါ လမ်းကြောင်းကို ပြေးဆွဲခဲ့ခြင်း ဖြစ်သည်။

ယခုကဲ့သို့ ပြန်လည်ပြေးဆွဲမှုကြောင့် ရှာမင်းဂေါက်ချီ နိုင်ငံတကာလေဆိပ်မှ ဘန်ကောက်မြို့သို့ ပြေးဆွဲသည့် လေကြောင်းလိုင်းနှစ်ခုရှိလာပြီး ခရီးသွားများအတွက် ပိုမိုများပြားသည့် ရွေးချယ်ခွင့်များနှင့် ပိုမိုအဆင်ပြေလွယ်ကူမှုများ ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

Mon

အယ်လ်နီညို နောက်ဆက်တွဲ သက်ရောက်မှုများကို ဖြေရှင်းရန် ဘိုလီးဗီးယားနိုင်ငံ၌ အရေးပေါ်အခြေအနေ ကြေညာ

လီမာ နိုဝင်ဘာ ၁

ဘိုလီးဗီးယားသမ္မတ ရိုဒရီဂို ပါဇ် သည် ကမ္ဘာတစ်ဝန်းတွင် ဆိုးရွားသော ရိုက်ခတ်မှုများဖြစ်ပေါ်စေလျက်ရှိသည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်၏ နောက်ဆက်တွဲ သက်ရောက်မှုများကို ဖြေရှင်းရန် အရင်းအမြစ်များ ပိုမို အသုံးပြုနိုင်ရေးအတွက် အောက်တိုဘာ ၃၁ ရက်က အရေးပေါ် အခြေအနေကြေညာခဲ့ကြောင်း သိရသည်။



အယ်လ်နီညို ရာသီဥတု ကြောင့် ဘိုလီးဗီးယားနိုင်ငံသည် ရေကြီးရေလျှံမှုနှင့် မိုးခေါင်ရေရှားမှု ပြဿနာနှစ်ရပ်လုံးကို ရင်ဆိုင်နေရသဖြင့် ထိခိုက်ပျက်စီးမှုဆိုးရွားသည့် ဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များ ပို့မိုစေလွတ်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်သို့ ပြောကြားသည့် မိန့်ခွန်းတွင် သမ္မတပါဇ် က ထည့်သွင်းပြောကြားသည်။

ယခုသီတင်းပတ်အတွင်း ထုတ်ပြန်ခဲ့သည့် အစိုးရ၏ အစီရင်ခံစာအရ ဘိုလီးဗီးယားနိုင်ငံ အတွင်းရှိ ပြည်နယ်ကိုးခု အနက် ပြည်နယ်ခြောက်ခုတွင် မိုးခေါင်ရေရှားမှုကြောင့် မိသားစုပေါင်း ၇၈,၀၀၀ ခန့် ထိခိုက်ခံစားနေရပြီး ကျွဲ၊ နွား ကောင်ရေ ၇၅,၀၀၀ ကျော် သေဆုံးပျက်စီးခဲ့ကြောင်း သိရသည်။

Mon

AI Chatbot များ၏ အန္တရာယ်မှ အသက် ၁၈နှစ်အောက်လူငယ်များကို ကာကွယ်ရန် နယူးယောက်ပြည်နယ် ဥပဒေပြဋ္ဌာန်း

နယူးယောက် နိုဝင်ဘာ ၁

ဉာဏ်ရည်တုနည်းပညာသုံး စကားပြောစက်ရုပ်များကြောင့် အသက်မပြည့်သေးသူများ ရင်ဆိုင်နေရသည့် အန္တရာယ်များကို ကာကွယ်နိုင်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး ကေသီဟိုချူးလ်က လက်မှတ်ရေးထိုးပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေအရ အသက် ၁၈ နှစ်အောက် အသုံးပြုသူများအတွက် လူသားတစ်ဦးကဲ့သို့ ဟန်ဆောင်ပြောဆိုခြင်း၊ စိတ်ပိုင်းဆိုင်ရာ မှီခိုမှုဖြစ်ပေါ်စေခြင်း၊ မိမိကိုယ်ကို အန္တရာယ်ပြုရန် အားပေးခြင်းနှင့် လိင်ပိုင်းဆိုင်ရာ စကားပိုင်းများ ပြုလုပ်ခြင်းစသည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီများက တားမြစ်ပိတ်ပင်ရမည်ဖြစ်သည်။

ဥပဒေကို ချီးဖောက်သည့် ကုမ္ပဏီများအနေဖြင့် အမေရိကန်ဒေါ်လာ ၂၅၀၀၀ အထိ ဒဏ်ကြေးပေးဆောင်ရန်ပြီး ပြည်နယ်ရှေ့နေချုပ်က အရေးယူတောင်းဆိုနိုင်ကြောင်း သိရသည်။ ထို့ပြင် Chatbot ကုမ္ပဏီများ၏ ဥပဒေချိုးဖောက်မှု ဖြစ်နိုင်ခြေများနှင့်ပတ်သက်၍ နယူးယောက်ပြည်နယ်နေ ပြည်သူများ တိုင်ကြားနိုင်မည့် အများပြည်သူသုံး ဝက်ဘ်ဆိုက်တစ်ခုကိုလည်း ထူထောင်သွားမည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်အချို့သည် ကလေးသူငယ်များ Chatbot အသုံးပြုမှုကို ကန့်သတ်ရန်နှင့် AI ကုမ္ပဏီများအပေါ် ဘေးကင်းလုံခြုံရေးဆိုင်ရာ စည်းမျဉ်းများ ပိုမိုတင်းကျပ်စေရန် ဥပဒေများ ပြဋ္ဌာန်းလျက်ရှိသည်။

ဆင်ဟွာ

မြို့ဟောင်းဈေးအနီး မီးဘေးလုံခြုံရေးကွင်းဆင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ကြီးကြပ်ကာ မြို့နယ်အတွင်း ပွင့်လင်းရာသီနှင့် အယ်လ်နီညိုသဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူခိုန်မြင့်တက်လာခြင်းကြောင့် မြို့ဟောင်းဈေးအနီး မီးသတ်ကား အလွယ်တကူဝင်ရောက်မရသောနေရာများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းက တမွဝတီရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဇွာမင်း ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မြို့ဟောင်းဈေးအနီး တမွဝတီရပ်ကွက်အတွင်းရှိ မီးသတ်ကားအလွယ်တကူဝင်ရောက်၍ မရသောနေရာများတွင် ရေအလုံအလောက်ရရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူးများထားရှိစေရေး၊ မိမိတို့ကိုယ်တိုင် မီးငြိမ်းသတ်နိုင်ရေး တစ်အိမ်တက်ဆင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်မှုရေး အသိ၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အလင်းသစ်

(ချမ်း/စည်-ပြန်/ဆက်)



ရော်ဘာမိုင်းခံအလုပ်ရုံ မီးလောင်မှုဖြစ်ပွား

ဘားအံ နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက် နံနက် ၆ နာရီ ၁၅ မိနစ်က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ စက်မှုဇုန်(၂)ရှိ "စိန်မော့တွာရှင်ရော်ဘာမိုင်းခံအလုပ်ရုံ" တွင် တာဝန်ခံ ဦး---၏ ၂၀×၅၀ ပေ၊ အုတ်ကာ၊ သွပ်မိုးတစ်ထပ်မိုင်းခံရုံအတွင်း ရော်ဘာများအား ထင်းမီးဖြင့် အခြောက်ခံနေစဉ် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ကရင်ပြည်နယ် မီးသတ်ဦးစီးမှူးရုံး၊ ဘားအံမြို့နယ် မီးသတ်စခန်း၊ ဘားအံမြို့နယ် မီးသတ်စခန်းနှင့် စက်မှုဇုန်နယ်မြေမီးသတ်စခန်းတို့မှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၃ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ ၅၄ မိနစ်တွင် မီးငြိမ်းခဲ့သည်။

(အပေါ်ပုံ)

အဆိုပါ မီးလောင်မှုကြောင့် ၂၀×၅၀ ပေ အုတ်ကာ၊ သွပ်မိုးတစ်ထပ် မှိုင်းခံရုံ တစ်ခန်းနှင့် ရော်ဘာ ပေါင် ၃၅၀၀ ခန့်၊ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် တာဝန်ခံ ဦး--- အား စက်မှုဇုန်နယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

မြို့နယ်အချို့၌ နှစ်လုံးထီလောင်းကစား ပြုလုပ်သူများအား အရေးယူ

မော်လမြိုင် နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်က မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ နှစ်လုံးထီလောင်းကစား ပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ စက်မှုဇုန် ၁၄ လမ်း၊ ကောင်းထက်အမှုန်ကြိတ်စက်ရုံရှေ့ ရွှေကွမ်းယာဆိုင်၌ နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ စက်မှုဇုန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကွမ်းယာဆိုင်တွင် ညောင်ပင်ဆိပ်ရပ်ကွက်နေ ဦးသန်းတန်(ခ)သန်းနိုင်(၄၁)နှစ်အား နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန်းတန်(ခ)သန်းနိုင်အား စက်မှုဇုန်နယ်မြေရဲစခန်းကလည်း ကောင်း၊ အလားတူ ညနေ ၄ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ အလယ်စုကျေးရွာနေ ဒေါ်မြလွင်(၅၉)နှစ်၏ နေအိမ်၌ နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ သပြေချောင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒေါ်မြလွင်နှင့် တဲခွန်တိုင်ကျေးရွာနေ ဒေါ်သက်ထားမေ(၄၆)နှစ်တို့ နှစ်ဦးအား နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း နှစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၄င်းတို့နှစ်ဦးအား ညောင်တုန်းမြို့မရဲစခန်းကလည်း ကောင်း၊ ထို့အတူ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၄၁)တိုးချဲ့ရပ်ကွက်၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(စ)၌ နှစ်လုံးထီလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါတိုက်ခန်းအတွင်း ဒေါ်ဝေဝေလွင်(၃၅)နှစ်အား နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း တစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒေါ်ဝေဝေလွင်အား ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်းတွင် လောင်းကစားဥပဒေအရ အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



ယာဉ်တိုက်မှုပြစ်မှုဖွင့် အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

သထုံ နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်က မွန်ပြည်နယ်၊ သထုံမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မိုးကောင်းကျေးရွာ၊ ရန်ကုန်-မော်လမြိုင်ကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ သထုံမြို့မှ ဘီးလင်းမြို့ဘက်သို့ မော်လမြိုင်မြို့နယ်၊ တောင်ငိုင်းရပ်ကွက်နေ ဦးစိုးမင်းအောင်(၃၂)နှစ် ဆိုသူ မောင်းနှင်လာသည့် YUTONG အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာ အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လားရာတူရွေ့မှ သထုံမြို့နယ်၊ တံတားဦးကျေးရွာနေ ဦးစိုးမိုးသူ(၄၄)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်မေယုစံ(၄၂)နှစ်နှင့် မနန်းအိမ်သူချစ်စံ(၀၊ နှစ်ခြောက်လ)ဆိုသူတို့ လိုက်ပါလာသည့် HONDA WAVE 125 အမျိုးအစား မော်တော်ဆိုင်ကယ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်မေယုစံဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးစိုးမိုးသူနှင့် မနန်းအိမ်သူချစ်စံဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မော်တော်ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာမောင်းနှင်သူ စိုးမင်းအောင်ဆိုသူအား သိမ်ဆိပ်နယ်မြေရဲစခန်းက ရာဇသတ်ကြီးပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသား သုံးဦးအား ဖမ်းဆီးအရေးယူ

လယ်ဝေး နိုဝင်ဘာ ၁

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမျိုးသား သုံးဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။



ဖြစ်စဉ်မှာ အောက်တိုဘာ ၂၈ ရက် နံနက် ၄ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅၅)ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဟောင်းပေါ်၌ လယ်ဝေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြောက်မှတောင်သို့ လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်နေ ကိုအောင်ရဲလင်း(၂၁)နှစ် မောင်းနှင်လာသည့် YAMAHA DRAGSTAR အမျိုးအစား မော်တော်ဆိုင်ကယ်၊ စီပိုင်းကျေးရွာနေ ကိုဖြိုးထက်စိုး(၂၀)နှစ် မောင်းနှင်လာသည့် နံပါတ်မပါ CANDA-125 အမျိုးအစား မော်တော်ဆိုင်ကယ်နှင့် သပြေပင်ကျေးရွာနေ မောင်ကောင်းဆက်သာ(၁၉)နှစ် မောင်းနှင်လာသည့် နံပါတ်မပါ MSX-125 အမျိုးအစား မော်တော်ဆိုင်ကယ် တို့အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါဆိုင်ကယ်များနှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် အောင်ရဲလင်း၊ ဖြိုးထက်စိုးနှင့် ကောင်းဆက်သာတို့သုံးဦးအား လယ်ဝေးမြို့မရဲစခန်းတွင် ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ဝဲပုံ)

မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o-o-o-o-o-o-o

o-o-o-o

အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

မင်းဘူး နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၌ ပိုက်ကျော်ခြင်း အားကစား ပိုမိုတွင်ကျယ်လာစေရန်နှင့် အနာဂတ် မျိုးဆက်သစ်လူငယ် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ငါးမြို့နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီ က မင်းဘူးမြို့ ခရိုင်အားကစားကွင်းအတွင်း ရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပခဲ့သည်။

၂၀၂၆ ခုနှစ် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား ငါးမြို့နယ် အသက်(၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ သုံးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စက္၊ ပွင့်ဖြူ၊ စလင်း၊ ငဖေနှင့် စေတုတ္တရာမြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲတွင် အမျိုးသမီး ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မင်းဘူးမြို့နယ်အသင်းနှင့် ပွင့်ဖြူမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငဖေမြို့နယ်အသင်းက ၂-၀ ဖြင့် အနိုင်ရပြီး ပထမဆုရရှိခဲ့ကြောင်း၊ အလားတူ အမျိုးသား လေးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မင်းဘူးမြို့နယ်အသင်းနှင့် စလင်းမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ စလင်းမြို့နယ်အသင်းက ၂-၀ ဖြင့် အနိုင်ရပြီး ပထမဆုရရှိခဲ့ကြောင်း၊ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်နေမှုကို မင်းဘူးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ၊ ပရိသတ်များ လာရောက် ကြည့်ရှုခဲ့ကြသည်။



ဆက်လက်၍ ဆုပေးပွဲကို ကျင်းပရာ မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းအကောင်းဆုံး အားကစားသမားဆုများနှင့် ပြိုင်ပွဲတွင် ဆုရရှိသော အသင်းများအား ဆွဲပြား၊ ငွေသားဆုနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

မောင်မောင်(မင်းဘူး)



ကျောင်းပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

မူဆယ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့တွင် ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က မူဆယ်မြို့၊ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကြောင်းမှူးမှ ဦးဆောင်၍ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌအား အလေးပြုပြီး ကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ အားကစားသမားများက အားကစားသစ္စာဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင် အားကစားသမားများအား လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် အားကစားအသင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တတိယဆုဌေးကျပ် လေးသိန်း၊ ဒုတိယဆုဌေးကျပ် ခြောက်သိန်း၊ ပထမဆုဌေးကျပ် ၁၀ သိန်းနှင့် ဆုဖလားကို ခရီးမြင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲသို့ ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးနော်တောင်နှင့် ဦးMအောင်ဂျာ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် အဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ်(ပြန်/ဆက်)

အယ်လ်နီညိုကာလ မီးဘေးလုံခြုံရေးကွင်းဆင်းဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၁

ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သည်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၏ ညွှန်ကြားချက်နှင့်အညီ ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာန၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများသည် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ နန်းကြည့်ကုန်းရပ်အတွင်းရှိ Oriental Balooning လုပ်ငန်းနှင့် အမှတ်(၁)ရပ်ကွက်၊ သီရိမင်္ဂလာရပ်အတွင်းရှိ Golden Eagle Ballooning လုပ်ငန်းဝင်းအတွင်းရှိ ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း၊ မီးဘေးစိုးရိမ်ရသော ပရိဝိန်းဓာတ်ငွေ့ရည်များ ဟီလီယမ်ဓာတ်ငွေ့ရည်များ သိုလှောင်သည့် အဆောက်အဦများတွင် အသင့်စီမံဖြည့်တင်းထားရှိသော မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ကြွခိုင်ကောင်းမွန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ အသေတပ်ဆင်ထားရှိသော Sprinkler စနစ်များ၊ Portable Fire Pump နှင့် Hoose Reel စနစ်များ၊ ရေသိုလှောင်ထားရှိမှုအခြေအနေများ၊ ပတ်ဝန်းကျင် မီးဘေးစိုးရိမ်ရမှုအခြေအနေများ၊ မီးတားလမ်းဖောက်လုပ်ထားရှိမှုအခြေအနေများ၊ မီးသတ်ယာဉ် ဝင်၊ ထွက်လမ်းများ အစရှိသည်တို့အား ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းဦးဆောင်၍ တပ်ဖွဲ့ဝင်ငါးဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကျော်မင်းသူ ဦးဆောင်၍ တပ်ဖွဲ့ဝင်သုံးဦးတို့က လှည့်လည်စစ်ဆေးခဲ့ကြပြီး လက်တွေ့မီးငြိမ်းသတ်ရေးအတွက် Portable Fire Pump ဖြင့် လက်တွေ့ရေပက်ဖျန်းငြိမ်းသတ်ခြင်းတို့အား ဓာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(၄၈၁)

--*-*-*-*-*

--*-*-*-*-*-*-*

မျိုးစေ့နှင့် ပျိုးပင်များ ဖြန့်ဝေပေးအပ်

မတ္တရာ နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်ရှိ ဌာနဆိုင်ရာရုံးဝင်း၊ ဝန်ထမ်းအိမ်ရာများနှင့် နေအိမ်များတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့၊ပျိုးပင်များနှင့် အပင်အားဆေးများ ဖြန့်ဝေပေးအပ်ပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းက Home Gardening စိုက်ပျိုးနိုင်ရေးအတွက် အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြတ်သီတာက တစ်နိုင်တစ်ပိုင် စိုက်ပျိုးရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မျိုးစေ့များ၊ ပျိုးပင်များနှင့် အပင်အားဆေးများကို ပေးအပ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မုန်ညင်း၊ ကိုက်လန်၊ မုန်လာဥဖြူ၊ နံနံမျိုးများ၊ ပဲတောင့်ရှည်၊ ရုံးပတီ၊ ကျောက်ဖရုံ၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ကြက်ဟင်းခါး၊ ခရမ်းချဉ်စသည့် မျိုးစေ့များ၊ ခရမ်းပျိုးပင်များနှင့် အပင်အားဆေးများကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) ရွှေရာသား



အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

တနင်း နိုဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်၊ တနင်းခရိုင်၊ တနင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အောင်စိုးမိုး ကျေးရွာတွင် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးရာတွင် တနင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးက စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များအား တစ်အိမ်တက်ဆင်းနှင့် ကျေးရွာလမ်းတစ်လျှောက် ဖြတ်သွားဖြတ်လာ မော်တော်ကား မောင်းသူများနှင့် မော်တော်ဆိုင်ကယ်စီးနင်းသူများထံသို့ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှည်ပါးပြတ်လပ်နိုင်မှုအတွက် သတိပေးနှိုးဆော်ချက် အသိပညာပေးဗီနိုင်းအား မြင်သာသည့်နေရာတွင် အများပြည်သူ ကြည့်ရှုနိုင်စေရန် ချိတ်ဆွဲပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ချစ်ဦးကို

--*-*-*-*-*-*-*



သင့် ကျန်းမာရေးအတွက် နေ့စဉ်လမ်းလျှောက်ပါ။

နိုင်ငံတကာ အားကစား သတင်းများ

အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ

မီလန် နိုင်ဘာ ၁

စီးရီးအေပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အေစီမီလန်အသင်းနှင့် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အေစီမီလန်အသင်းက အင်တာမီလန်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အေစီမီလန်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၄ မိနစ်တွင် ပူလီဆစ်၊ ပွဲချိန် ၁၀ မိနစ်တွင် ရာဘီယော့စ်၊ ပွဲချိန် ၄၃ မိနစ်တွင် ဒီယေဂိုမိုရဲရာတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အေစီမီလန်အသင်းသည် စီးရီးအေပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ဂျီနိုအာအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ယာပုံ) (NGB)



သောမတ်စ်ခရစ္စတန်ဆန် ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

တူရင် နိုဝင်ဘာ ၁

အတ္တလန္တာအသင်းနောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန် ပေါင်ဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ နောက်ခံကစားသမားသည် စီးရီးအေပွဲစဉ်အဖြစ် အတ္တလန္တာအသင်းနှင့် ဖီအိုရင်တီးနားအသင်းတို့ တစ်ဖက်နှစ်ဂိုး စီ သရေကျခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန်ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အတ္တလန္တာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်ခံကစားသမား သောမတ်စ်ခရစ္စတန်ဆန်သည် အတ္တလန္တာအသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံခြောက်ပွဲကစားပြီး ခြေစွမ်းပြထားသည်။ **(အောက်ပုံ) (NGB)**



မက်သစ်အယ်လ်ဘတ်ကို ခေါ်ယူရန် မန်စီးတီးအသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၁

မန်စီးတီးအသင်းသည် ဒေါ်မွန်အသင်း တောင်ပံကစားသမား မက်သစ်အယ်လ်ဘတ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဒေါ်မွန်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ခြေစွမ်းပြထားသည့်အပြင် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန်စီစဉ်လာခြင်းဖြစ်သည်။



ဒေါ်မွန်အသင်းကလည်း မက်သစ်အယ်လ်ဘတ်အတွက် မြင့်မားသည့် ပြောင်းရွေ့ကြေးတစ်ရပ်ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်စီးတီးအသင်းအနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် ဒေါ်မွန်အသင်းထံမှ မက်သစ်အယ်လ်ဘတ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

ရှိန်းဒပ်ဗီကို ဒါဘီအသင်း ခေါ်ယူ

လန်ဒန် နိုဝင်ဘာ ၁

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဒါဘီအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်နောက်ခံကစားသမား ရှိန်းဒပ်ဗီကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဒါဘီအသင်းတွင် ကျောနံပါတ် (၂၅)ကျောစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ရှိန်းဒပ်ဗီသည် ကစားသမားဘဝတစ်လျှောက်တွင် အဲဗာတန်၊ ဘရိုက်တန်၊ ဆဲလ်တစ်၊ ဖူလ်ဟမ်၊ နော့ဝှစ်ချ် စသည့်ကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဒါဘီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ရှိန်းဒပ်ဗီအနေဖြင့် ဒါဘီအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

ဒေးပစ်အိုတိုဘီ ပလင်စီယာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

မက်ဒရစ် နိုဝင်ဘာ ၁

ဗလင်စီယာအသင်းသည် အသင်းတောင်ပံကစားသမား ဒေးဗစ်အိုတိုဘီကို ၂၀၃၁ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။**(အောက်ပုံ)**

အဆိုပါ တောင်ပံကစားသမားသည် ဗလင်စီယာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် စပိန်လာလီဂါပွဲစဉ် ကိုးပွဲကစားပြီး တစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။



အသက်(၁၉)နှစ်အရွယ်ရှိ ဒေးဗစ်အိုတိုဘီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ ဆုဖလားတွေလည်း ရယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်" ဟု ပြောသည်။ **(NGB)**

2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Diana Shnaider တက်ရောက်

တိုကျို နိုဝင်ဘာ ၁

ဂျပန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရုရှားတင်းနစ်မယ် Diana Shnaider တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Diana Shnaider သည် 2026 Jingshan Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဆလို ဗက်ကီးယားတင်းနစ်မယ် Mia Pohankova အား ၆-၄၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲ အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ရုရှားတင်းနစ်မယ် Diana Shnaider နှင့် ကနေဒါ တင်းနစ်မယ် Leylah Fernandez တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



မန်ယူအသင်း ပြိုင်ပွဲစုံ ကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးသည့် မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်

လန်ဒန် နိုဝင်ဘာ ၁

မန်ယူအသင်းသည် ပြိုင်ပွဲစုံကိုးပွဲဆက် နိုင်ပွဲပျောက်ဆုံးသည့် စံချိန်မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် ချဲလ်ဆီးအသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ကိုးပွဲကစားအပြီးတွင် ရမှတ် ခုနစ်မှတ်ဖြင့် အဆင့် ၁၇ နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိသည်။

မန်ယူအသင်းနည်းပြကာရစ်က "အသင်းအနေနဲ့ အခုလို ရလဒ်ဆိုးတစ်ရပ် ပိုင်ဆိုင်လို့ စိတ်ပျက်မိပါတယ်။ အသင်းကစားသမားတွေအနေနဲ့လည်း အသင်းအတွက် စိတ်အားထက်သန်စွာနဲ့ ကစားဖို့လိုပါတယ်" ဟု ပြောသည်။

(အောက်ပုံ) (NGB)



ပြင်သစ်လီဂ်ူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၉) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃-၁၁-၂၀၂၆	လိုရီယန် - ဘရက်စ်	လိုရီယန် ၃-၃ ဘရက်စ်
နံနက်၀း၁၅နာရီ		ဘရက်စ် ၂-၀ လိုရီယန်

ဘပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၁) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃-၁၁-၂၀၂၆	ဒီပို့တီပို - အိုဆာဆူနာ	ဒီပို့တီပို ၂-၀ အိုဆာဆူနာ
နံနက်၀း၃၀နာရီ		အိုဆာဆူနာ ၂-၂ ဒီပို့တီပို

၂၀၆-၁၅

အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၉) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃-၁၁-၂၀၂၆	နယူးကာဆယ် - အဲဗာတန်	နယူးကာဆယ် ၂-၃ အဲဗာတန်
နံနက်၀း၃၀နာရီ		အဲဗာတန် ၃-၁ နယူးကာဆယ်

အီတလီနီးရီးဒေး ဘောလုံးပြိုင်ပွဲ (ပွဲစဉ် - ၁၀) နိဂုံးကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၃-၁၁-၂၀၂၆	ဆက်ဆူအိုလို - ဖီအိုရင်တီးနား	ဆက်ဆူအိုလို ၃-၁ ဖီအိုရင်တီးနား
နံနက်၀း၀၀နာရီ		ဖီအိုရင်တီးနား ၀-၀ ဆက်ဆူအိုလို
၃-၁၁-၂၀၂၆	အတ္တလန္တာ - ပါးမား	အတ္တလန္တာ ၄-၀ ပါးမား
နံနက်၀း၁၅နာရီ		ပါးမား ၁-၁ အတ္တလန္တာ



ရေခဲကျေးရွာ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တံတားဦး နိဝင်ဘာ ၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရေခါးကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညို အပူဒဏ်ကြိုတင် ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန်အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်မစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(အပေါ်ပုံ)
အောင်ရဲကျော်

သန့်ရှင်းခြင်းလိုလားသော
အနာဂတ်ဖြစ်စေဖို့
ရွှံနှံ့ပစ်ပစ္စည်းများကို
ပြန်လည်ပြုပြင်သုံးစွဲကြစို့။

မိတ္ထီလာမြို့နယ်၌ ကျေးလက်လမ်းတံတားများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဒွေလုံးဒွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း ကတ္တရာခင်းခြင်း လုပ်ငန်း(၀/၂မိုင်)၊ တိုင်းဒေသကြီး ဒွေလုံးဒွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လူးခင်းခြင်း၊ ကန်ပတ်လမ်းပေါ်တွင် သံကူကွန်ကရစ်တံတား အရှည် ပေ ၅၀ တစ်စင်း တည်ဆောက်ခြင်း၊ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း အကျယ် ၂၄ ပေ ကတ္တရာလမ်းခင်းခြင်းနှင့် Platform ဆောင်ရွက်ခြင်း (၀/၄ ဒသမ ၂၈မိုင်)နှင့် ပြည်သာယာ-မကျီးစု-ကန်နီ-သံကြိုးရထားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် (၀/၃မိုင်)ဆောင်ရွက်နေမှုအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းဝင်းနှင့် မိတ္ထီလာမြို့နယ် ဦးစီးအရာရှိ (မြို့ပြ)တို့က ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး အင်ဂျင်နီယာချုပ် (မြို့ပြ)မှ လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အဆိုပါ လမ်းတံတား လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရွာ ၂၃ ရွာ၊ အိမ်ခြေ ၇၄၈၇ အိမ်၊ လူ ဦးရေ ၂၇၈၉၀ ဦးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ စျေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)
(၄၆၉)



ကျောက်ဆည်မြို့နယ် ကျီးအိပ်ကျေးရွာတွင် စိုက်ပျိုးထားသော သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျီးအိပ်ကျေးရွာတွင် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော ရွေနီ(၁၆၈) သင်္ဘောစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကျီးအိပ်ကျေးရွာမှ တောင်သူများအနေဖြင့် ဆည်ရေလုံလောက်စွာ မရရှိသဖြင့် မြေအောက်ရေနှင့် မြစ်ရေများကိုသာ အဓိထားပြီး တောင်သူလုပ်ငန်းများ လုပ်ကိုင်ရသဖြင့် ငရုတ်၊ ဖူးစားပြောင်း၊ ဧရာကြာ၊ သင်္ဘောနှင့် ကာလတိုသီးနှံများ စိုက်ပျိုးကြကြောင်း၊ သင်္ဘောစိုက်ပျိုးရာတွင် စမုံမြစ်မှ မြစ်ရေများကို အသုံးပြုပြီး စိုက်ပျိုးကြကြောင်းနှင့် အပင်သေပျောက်မှု မရှိစေရန်အတွက် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များ ရွေးချယ်ကာ နေရောင်ခြည်ကောင်းစွာ ရရှိစေရန်နှင့် လေအဝင်၊ အထွက် ကောင်းမွန်စေရန်အတွက် မြေပေါင်းများ ပြုလုပ်၍ တစ်ပင်နှင့် တစ်ပင်၊ တစ်တန်းနှင့် တစ်တန်း ၁၆ ပေ အကွာအဝေးခန့် စိုက်ပျိုးပါက သီးလုံး ပို၍လုပကြောင်းနှင့် လိုအပ်သည့်အချိန်များတွင် ပိုးနှင်ဆေးနှင့် ပိုးသတ်ဆေးများ ဖျန်းခြင်း၊ ရာသီဥတုအခြေအနေအပေါ် မူတည်၍ ရေသွင်းပေးခြင်း၊ မြေဩဇာကျွေးခြင်းများလည်း ပြုလုပ်ပေးရကြောင်း တောင်သူ ဦးဆန်းဝင်းက ပြောသည်။

သင်္ဘောပင်သည် စိုက်ပျိုးပြီး အပင်သက်တမ်းခြောက်လခန့်တွင် ရောင်းတန်းဝင် သင်္ဘောသီးများ စတင်ခူးဆွတ်ရောင်းချကြောင်း၊ အပင်အပြုအစုကောင်းပါက ရှစ်လခန့်ကြာအောင် ခူးဆွတ်ရောင်းချရကြောင်းနှင့် ရောင်းချသည့်အခါတွင် ပွဲစားများမှ စိုက်ခင်းများအထိ လာရောက်၍ အသီး (၃၅လုံး-၄၀ လုံး)ခန့်ဝင်သော သံသေတ္တာများနှင့်ထည့်ကာ သေတ္တာအရေအတွက်အတိုင်း ကာလပေါက်စျေးနှင့် ရောင်းချကြကြောင်း စျေးကောင်းချိန်တွင် သံသေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၀ အထိ ရောင်းချကြကြောင်း သိရသည်။

(ဝဲဘုံ)
(၄၈၅)



ချက်ကြမယ်၊ စားကြမယ်



စပျစ်သီးငါးပိချက်

စပျစ်သီးငါးပိချက် ချက်မယ်ဆိုရင် စပျစ်သီးအစိမ်းရောင်နုနု တစ်ပန်းကန်၊ ကြက်သွန်နီသုံးလုံး၊ ကြက်သွန်ဖြူ နှစ်လုံး၊ ပုစွန်ငါးပိ၊ နှန်းမှုန့်၊ ရောင်တင်မှုန့်၊ ပုစွန်ခြောက်၊ ငရုတ်သီးမှုန့်၊ ဟင်းချိုမှုန့်တို့ လိုအပ်ပါတယ်။

ပထမဦးဆုံး စပျစ်သီးတွေကို ခွဲပြီး အစေ့ထုတ်ကာ ပါးပါးလေးတွေ လှီးပါ။ ကြက်သွန်ဖြူနဲ့ ကြက်သွန်နီကိုလည်း ပါးပါးလှီးပြီး ကြိတ်စက်ထဲထည့်ကြိတ်ပါ။ ပုစွန်ခြောက်တစ်ဝက်ကို ထောင်းထားပါ။ ပြီးရင် မီးဖိုပေါ် အိုးတင်ပြီး ဆီထည့်ပါ။ ဆီပူလာရင် ကြက်သွန်နီအရင်ထည့်ပြီး မွှေပါ။ ခဏကြာရင် ကြက်သွန်ဖြူကိုထည့်ပါ။ ကြက်သွန်နီနဲ့ ကြက်သွန်ဖြူအနီရောင်သန်းလာရင် အရောင်တင်မှုန့်နဲ့ ငရုတ်သီးမှုန့်ထည့်ပြီး မွှေပေးပါ။ ငရုတ်သီးမှုန့်ကို မိမိနှစ်သက်သလောက် ထည့်လို့ရပါတယ်။ နောက်ပြီး ထောင်းထားတဲ့ ပုစွန်ခြောက်တွေကို ထည့်ပြီးမွှေပေးပါ။ အနံ့မွှေးလာရင် ပုစွန်ငါးပိကို ရေအနည်းငယ်နဲ့ဖျော်ပြီး ထည့်ပါ။ ပြီးရင် လှီးထားတဲ့ စပျစ်သီးတွေ ထည့်ပြီး ငံပြာရည်ထမင်းစားဇွန်း တစ်ဇွန်းခွဲနဲ့ ကျန်တဲ့ ပုစွန်ခြောက်နဲ့ ကြက်သားမှုန့်အနည်းငယ်ကို ထည့်ပြီး မွှေပေးပါ။ ဆီပြန်ပြီးလုံးလာရင် အပေါ်၊ အောနဲ့ မြည်းကြည့်ပြီး လိုအပ်တာထပ်ထည့်ကာ မီးဖိုပေါ်မှချိပြီး အရသာရှိရှိ စားသုံးလို့ရပါပြီ။


AMM

ဝက်သားနီချက်

ဝက်သားနီချက်အတွက် လိုအပ်တာတွေက တော့ ဝက်သားသုံးထပ်သား ၃၅ ကျပ်သား၊ ကြက်သားမှုန့်၊ ရှာလကာရည်၊ ဆား၊ သကြား၊ ကြက်သွန်နီဥကြီးလေးလုံး၊ ကြက်သွန်ဖြူ ၁၂ မြွှာ၊ ခရုံးနဲ့ ငံငံပြာရည်တို့ ဖြစ်ပါတယ်။

အရင်ဆုံး ဝက်သားသုံးထပ်သား ၃၅ ကျပ်သားကို အတုံးလေးတွေတုံး ရေစင်အောင်ဆေးပြီး ပန်းကန်ထဲကိုထည့်ပါ။ ပြီးရင် ကြက်သားမှုန့်၊ ရှာလကာရည်အနည်းငယ်၊ ဆားနဲ့နှယ်ပြီး တစ်နာရီခန့် နှပ်ထားပေးပါ။ ကြက်သွန်နီဥကြီးလေးလုံးနဲ့ ကြက်သွန်ဖြူ ၁၂ မြွှာကို အနေတော်လှီးထားပါ။ ခရုံးတစ်တက်ကိုလည်း ငရုတ်ဆုံးနဲ့ ထောင်းထားပါ။

အားလုံးပြီးသွားရင် မီးဖိုပေါ်အိုးတင်ပြီး ဆီအနည်းငယ်ထည့်ပါ။ ဝက်သားကဆီထွက်လာဦးမှာမို့ ဆီကို အနည်းငယ်ပဲထည့်ဖို့ လိုပါတယ်။ ဆီပူလာရင် သကြားလက်ဖက်ရည်ဇွန်း သုံးဇွန်းထည့်ပြီး မွှေပေးပါ။ သကြားအရောင်ပြောင်းလာရင် တုံးပြီးသားဝက်သားတွေကို ထည့်ပြီး နှံ့အောင်မွှေပေးပါ။ ဝက်သားနူးလာသည်အထိ စိတ်ရှည်လက်ရှည်မွှေပေးပါ။ ရေခန်းပြီး ဆီပြန်လာရင် ရေထပ်ထည့်ပါ။ ထို့နောက် ကြက်သွန်ဖြူနဲ့ ခရုံးထောင်းထားတာကို ထည့်ပါ။ ငါးမိနစ်ခွာ တစ်ခါ အုံးဖွင့်ပြီး မွှေပေးရပါမယ်။ ရေခန်းသွားရင် ရေထပ်ထည့်ပြီး အုံးအုပ်ထားပါ။ ခဏနေရင် အုံးဖွင့်ပြီး ဝက်သားနူး၊ မနူး စမ်းကြည့်ပါ။ ပြီးရင် လှီးထားတဲ့ ကြက်သွန်နီနဲ့ ငံငံပြာရည် ထမင်းစားဇွန်းတစ်ဇွန်းခွဲထည့်ပြီး မွှေကာ အဖုံးပြန်အုပ်ထားပါ။ ၁၀ မိနစ်လောက်ထားပြီး ဆီပြန်လာရင် မီးဖိုပေါ်မှချပါ။ ဝက်သားနီချက်ကို သရက်ချဉ်သုပ်(သို့မဟုတ်)ချဉ်ပေါင်ကြော်လေးနဲ့ တွဲစားရင် ပိုပြီးအရသာရှိပါတယ်။ **AMM**



ပိတ်ချင်းမြောင်လှိုဏ်ဂူသို့ တစ်ရက်လျှင် ဘုရားဖူး ၄၀၀၀ ကျော် ဝင်ရောက်လျက်ရှိ



မန္တလေး နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးရှိ ပိတ်ချင်းမြောင်လှိုဏ်ဂူသို့ ပြည်တွင်းခရီးသွားများ တစ်ရက်လျှင် ၄၀၀၀ ကျော် လာရောက်ဖူးမြော်လျက်ရှိသည်။

ပိတ်ချင်းမြောင်လှိုဏ်ဂူသည် သဘာဝထုံးကျောက်ဂူဖြစ်ပြီး လှိုဏ်ဂူအတွင်း၌ တည်ထားကိုးကွယ်ထားသည့် ဘုရားစေတီများစွာ ရှိသဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူများ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည့် ဘုရားဖူးခရီးစဉ် နေရာတစ်ခုဖြစ်သည်။

ဂူအတွင်းသို့ ဘုရားဖူး ၇၀၀ ကျော် တစ်ပြိုင်နက် ဖူးမြော်နိုင်သည့်အတွက် လာရောက်သူများ အဆင်ပြေစေရန် ဂေါပကအဖွဲ့က သန့်ရှင်းရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ဂူအတွင်း အလင်းရောင် ကောင်းမွန်စေရန် မီးများဖွင့်လှစ်ထားခြင်း၊ လျှောက်လမ်းများကို ဆေးကြောသန့်စင်ခြင်းနှင့် အမှိုက်များ စနစ်တကျ ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

ဘုရားဖူးများ အဆင်ပြေစွာ သွားလာဖူးမြော်နိုင်ရေးအတွက် ဂူအတွင်း၌ ၂၅ လက်မအရွယ် ပန်ကာအလုံး ၂၀ ကျော်ကို တပ်ဆင်ထားပြီး လေဝင်၊ လေထွက် ကောင်းမွန်စေရန်အတွက် အမြဲဖွင့်ပေးထားသည်။

သင်္ကြံန်ကာလ၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော် ကာလများ၊ ဝါဆို၊ ဝါကျွတ် လပြည့်ရက်များနှင့် တောင်ပြုန်းပွဲတော်ကာလတို့တွင် ဘုရားဖူးများနှင့် ခရီးသွားပြည်သူများ ဝင်ရောက်မှု ပိုမိုများပြားလေ့ရှိပြီး တစ်ရက်လျှင် လူဦးရေ ၄၅၀၀ မှ ၅၀၀၀ ဝန်းကျင်အထိ ဝင်ရောက်လေ့ရှိသည်။

ယခုနှစ်အတွင်း ဘုရားဖူး ဝင်ရောက်မှုသည် ယခင်နှစ်ထက် နှစ်ဆကျော် တိုးလာနိုင်ပြီး စုစုပေါင်း ဘုရားဖူးဦးရေ သုံးသိန်း ကျော်အထိရှိလာနိုင်ကြောင်း ခန့်မှန်းထားသည်။

ထို့ပြင် ဂူအတွင်း၌ သဘာဝအတိုင်း စိမ့်ထွက်နေသည့် မြေအောက်ရေကိုလည်း ဘုရားဖူးများက ရေချိုးခြင်းနှင့် သယ်ယူအသုံးပြုခြင်းများ ပြုလုပ်လျက်ရှိသည်။ အဆိုပါရေသည် အရေပြားယားယံမှုများကို သက်သာပျောက်ကင်းစေသည်ဟု ဒေသခံများနှင့် လာရောက်သူအချို့က ယုံကြည်ကြသဖြင့် ရေကို သယ်ယူအသုံးပြုသူများလည်း များပြားလျက်ရှိကြောင်း သိရသည်။

(ဝံပုံ) ရွှေမန်း

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၆)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းအား ဂုဏ်ပြုကြိုဆို

မန္တလေး နိဝင်ဘာ ၁

ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင် ဦးဆန်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယမြို့နယ်မှူး ဒုရဲမှူးကျော်နိုင်စိုး၊ ချမ်းအေးသာစံအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများက အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

အဆိုပါ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၆)တွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ဦးကျော်စိုးဝင်းအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင် ဦးဆန်းမောင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ ဒုတိယမြို့နယ်မှူး ဒုရဲမှူးကျော်နိုင်စိုး၊ ချမ်းအေးသာစံအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုကိုကြီး၊ ရာအိမ်မှူးများနှင့် ရပ်ကွက်နေပြည်သူများက အောင်သပြေပန်းများ၊ အမှတ်တရလက်ဆောင်များဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများ လုပ်ဆောင်နေ

မန္တလေး နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်၊ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ခြေရှိသည့်အတွက် ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးရေးနှင့် ဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှုများ လျော့ချနိုင်ရန် စာသင်ကျောင်းများ၊ ကျေးရွာများနှင့် ရပ်ကွက်များအထိ အသိပညာပေးခြင်း၊ သင်တန်းများ ပို့ချခြင်းနှင့် လက်တွေ့တုံ့ပြန်ဆောင်ရွက်နိုင်ရေး လေ့ကျင့်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကျေးရွာများအရောက် သဘာဝဘေးအန္တရာယ် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ သတိပြုလိုက်နာရမည့် အချက်အလက်များ ပါဝင်သည့် ပို့စတာများ ဖြန့်ဝေကပ်ထားခြင်းနှင့် အသံချဲ့စက်များဖြင့် အသိပေးနှိုးဆော်ခြင်းတို့ကို လည်း လုပ်ဆောင်လျက်ရှိသည်။



အလားတူ နွေရာသီကာလ ရေရှားပါးသည့် ဒေသများတွင် သောက်သုံးရေများ ပံ့ပိုးပေးခြင်းနှင့် လေပြင်းဘေးဒဏ်အများဆုံး ခံစားရသည့် ဒေသများရှိ ဝင်ငွေနည်းပါးသော အိမ်ထောင်စုများကို လိုအပ်သည့် ပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ကူညီဆောင်ရွက်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေရန် ကြိုတင်စီမံပြင်ဆင်မှုများ ဆောင်ရွက်ခြင်းအပြင် ပြည်သူများကိုယ်တိုင်လည်း အသိပညာရှိရှိ ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝံပုံ)

(မန္တလေးနေ့စဉ်-၆)

ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် ရုက္ခဗေဒဆိုင်ရာ ပို့ပြိုးရေး တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မည်

မန္တလေး နိဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ် ရုက္ခဗေဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံရှိ တရုတ်သိပ္ပံအကယ်ဒမီ (CAS) နှင့် စစ်ဆေးပမာဏ အပူပိုင်း ရုက္ခဗေဒဥယျာဉ် (XTBG) တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

လက်ရှိတွင် ဥယျာဉ်အတွင်းရှိ အပင်မှီးစိတ်များ စာရင်းကောက်ယူခြင်း၊ မျိုးစိတ်ခွဲခြားသတ်မှတ်ခြင်း၊ အပင်အမည်ဆိုင်းဘုတ်(Tree Label) အသစ်များ တပ်ဆင်ခြင်းနှင့် အပင်မျိုးစိတ်စာရင်း(Checklist) စာအုပ်ထုတ်ဝေနိုင်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် XTBG-CAS ၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ Yao Wu Xing သည် အောက်တိုဘာ ၃၀ ရက်တွင် အမျိုးသားကန်တော်ကြီးဥယျာဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် ဥယျာဉ်စီမံခန့်ခွဲမှုနှင့် ရုက္ခဗေဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းကဏ္ဍများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး XTBG ဘက်မှ ဥယျာဉ်အတွင်း အသစ်တပ်ဆင်မည့် အပင်အမည်ဆိုင်းဘုတ် နမူနာပုံစံများကိုလည်း ပေးအပ်ခဲ့ကြသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် တရုတ်နိုင်ငံရှိ CAS၊ XTBG တို့အနေဖြင့် ရုက္ခဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် ဥယျာဉ်မှဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံကိန်းတစ်ရပ်အဖြစ် ရေးဆွဲချမှတ်ကာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


(ဝံပုံ)

ရွှေမန်း

ဆင်မကြီးမိုမိုဇ၏ (၇၃)နှစ်ပြည့်မွေးနေ့ပွဲတော် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ဧတင်ကျင်းပ

ရန်ကုန် နိဝင်ဘာ ၁

ပြည်သူ့အချစ်တော် ဆင်မကြီး မိုမိုဇ၏ (၇၃)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်ပွဲတော်ကို အောက်တိုဘာ ၃၀ ရက်မှ ဧတင်၍ ရန်ကုန်မြို့ရှိ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကျင်းပလျက်ရှိသည်။



အဆိုပါပွဲတော်တွင် ဈေးဆိုင်ခန်းများ၊ တေးဂီတဖျော်ဖြေရေး အစီအစဉ်များနှင့် အမှတ်တရ ဓာတ်ပုံရိုက်နိုင်သည့် အစီအစဉ်များ ထည့်သွင်းကျင်းပပြီး ယနေ့ နံနက်ပိုင်းတွင် ဆင်မကြီးမိုမိုဇ၏ (၇၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သစ်သီးကိတ်ခွဲပွဲ ကျင်းပသည်။

ဆင်မကြီးမိုမိုဇ၏ မွေးနေ့အထိမ်းအမှတ်ပွဲတော်ကို အောက်တိုဘာ ၃၀ ရက်မှ နိဝင်ဘာ ၂ ရက်အထိ လေးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ဝံပုံ)

(မန္တလေးနေ့စဉ်-၆)

--*-*-*

အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှိုက်လျှော့ချကြပါစို့။



ဖြူဖြူစင်စင် လွယ်အိတ်ကလေး

စောအောင်(တိကျစ်)

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်နေ့မှာ မရောက်တာကြာပြီဖြစ်သော မန္တလေးမြို့ကို သွားရဖို့ အကြောင်းဖြစ်လာခဲ့တယ်။ စာရေးသူ ယခုနေထိုင်တာ ပြင်ဦးလွင်မြို့ ဖြစ်တယ်။ ပြင်ဦးလွင်နဲ့ မန္တလေးက မိုင် ၄၀ ကျော်လောက် သာ ဝေးတာပါ။ ပြင်ဦးလွင်မှာ အခြေချနေထိုင်ခဲ့သော ရှစ်နှစ် အတွင်း မန္တလေးမြို့ကို မရောက်တာ နှစ်နဲ့ချီနေခဲ့ပြီ။ ယနေ့ကာလ ဖြစ်ပေါ်နေတဲ့ လောင်စာဆီဈေးကြောင့်ပါ။ ယခင်က ဓာတ်ဆီဈေး တစ်လီတာ ငွေကျပ် ၃၀၀/- ဝန်းကျင်ရှိစဉ်က မန္တလေးမြို့ ခရီးလောက်သာမက နေပြည်တော်၊ ရန်ကုန်လောက်အထိ မင်းမခြုံဘဲ သွားလာနိုင်ခဲ့တယ်။ ယနေ့ကာလ တစ်လီတာ ငွေကျပ် ၅၀၀၀/- လောက် ဖြစ်လာတဲ့အချိန် အခြားစက်ဆီ၊ ချောဆီကအစ ဈေးမြောက်လာလို့ ပင်စင်စားတစ်ယောက်အနေနဲ့ ပင်စင်လစာကို အထိအခိုက် မခံနိုင်တော့တာမို့ မလိုအပ်ဘဲ ခရီးဝေးကို မသွားတော့ပါ။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်နေ့မှာတော့ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ အ.ထ.က(၁) မှာ ကျင်းပမယ့် အာစရိယပူဇော်ပွဲကို သွားရဖို့ ဖြစ်လာတယ်။ စာရေးသူ၏ ဇနီးက အဆိုပါ ကျောင်းမှာ နောက်ဆုံးတာဝန် ထမ်းဆောင်ခဲ့ပြီး ပင်စင်ယူလာခဲ့သူဖြစ်တယ်။ ကန်တော့ခံ ဆရာမ တစ်ဦးဖြစ်နေခဲ့တယ်။ ပညာရေးဝန်ထမ်းအဖြစ် နှစ်ပေါင်း ၃၄ နှစ်ကြာအောင် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်တယ်။ နှစ် အကြာဆုံး တာဝန်ထမ်းဆောင်ခဲ့သော မော်ဘီမြို့ (အ.ထ.က-၂)၊ ပုသိမ်ကြီးမြို့(အ.ထ.က)နဲ့၊ မန္တလေးမြို့ အ.ထ.က(၁)ကျောင်း တို့ကို သံယောဇဉ်ကြီးမားသလို အဆိုပါ ကျောင်းများရဲ့ အာစရိယ ပူဇော်ပွဲများကို အကြိမ်ကြိမ် တက်ရောက်နိုင်ခဲ့တယ်။ ၂၀၂၁ နောက်ပိုင်း အကြောင်းကြောင်းကြောင့် အာစရိယပူဇော်ပွဲများကို မကျင်းပနိုင်ခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ၂၀၂၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့မှာတော့ ယခင်က ကျင်းပမြဲဖြစ်တဲ့ အာစရိယပူဇော်ပွဲကို ဖြစ်မြောက်အောင် အ.ထ.က(၁) မန္တလေး ကျောင်းသားဟောင်းများက စီစဉ်ခဲ့ကြကြောင်း သိရှိခဲ့ရတယ်။

စာရေးသူအနေဖြင့် ဝန်ထမ်းအငြိမ်းစားဘဝကို ရောက်နေခဲ့စဉ် ကာလအတွင်း မိမိဇနီးကို ကျောင်းကြီးကျောင်းပို့လုပ်ရင်း ကျောင်း မှ ဆရာ၊ ဆရာမများအားလုံးနှင့် ရင်းနှီးနေခဲ့သူလည်း ဖြစ်တယ်။ အ.ထ.က(၁) မန္တလေးသည် အထက်မြန်မာနိုင်ငံရှိ အမျိုးသား ကျောင်းသားများသာရှိသော ကျောင်းတစ်ကျောင်းလည်း ဖြစ်တယ်။ မိမိနိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့စဉ်က ပုသိမ်ကြီးမြို့တွင် တာဝန်ကျခဲ့သဖြင့် မိမိဇနီးလည်း ပုသိမ်ကြီး(အ.ထ.က)တွင် တာဝန်ထမ်းဆောင်ခဲ့တယ်။ မိမိနယ်ပြောင်း တာဝန်ထမ်း ဆောင်ခဲ့သော်လည်း ပုသိမ်ကြီး(အ.ထ.က)တွင်ပင် တာဝန်ထမ်း ဆောင်နေခဲ့တယ်။ မိမိ ၂၀၀၄ ခုနှစ် အငြိမ်းစားယူပြီးနောက် ပုသိမ်ကြီးကျောင်းသို့ မန္တလေးမြို့၊ ၆၅လမ်းနှင့် လမ်း၃၀ထောင့် ရှိ နေအိမ်မှ ပို့ကြွေ့လုပ်ပေးခဲ့ရတယ်။ အသက်အရွယ်ရလာ၍ အိမ်နှင့် နီးကပ်သော မန္တလေးမြို့ကျောင်းသို့ ပြောင်းရွှေ့ရေး စီစဉ် ခဲ့ရာမှာ အ.ထ.က(၁) ကျောင်းသို့ ရောက်ရှိသင်ကြားခဲ့တယ်။ ထို့အတွက်ကြောင့် အဆိုပါ ကျောင်းမှ ကျောင်းအုပ်ကြီး အပါအဝင် ဆရာ၊ ဆရာမများနှင့် ရင်နှီးကာ မိမိကိုယ်တိုင် ကျောင်းအပေါ် သံယောဇဉ်ရှိခဲ့ရတယ်။

ဇနီးအငြိမ်းစားယူပြီးနောက် နှစ်စဉ် ကျင်းပသော အာစရိယ ပူဇော်ပွဲများသို့ ဇနီးသည်ကို ပို့ရင်း အမြဲရောက်ရှိခဲ့ရသည့်အတွက် အ.ထ.က(၁) ကျောင်းသားဟောင်းများ၏ စုစည်းမှု၊ ကျောင်းအပေါ် သံယောဇဉ်ကြီးမားမှု၊ ဆရာ၊ ဆရာမများအပေါ် စေတနာထားတတ်မှု များကို မြင်တွေ့ခဲ့ရတယ်။ ၂၀၂၁ နောက်ပိုင်းမှာတော့ အခြေအနေ အရပ်ရပ်ကြောင့် ခမ်းနားစွာ မကျင်းပနိုင်တော့သဖြင့် အာစရိယပူဇော် ပွဲကို နှစ်စဉ် တာဝန်ယူရသော ကျောင်းသားဟောင်းများက အဝေး ရောက် ကန်တော့ပွဲ ဆင်ယင်ခဲ့ကြသည်ကို ဝမ်းမြောက်စွာ တွေ့ရှိ ရပါတယ်။

၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် သီတင်းကျွတ်လပြည့်တွင် ခမ်းနားစွာ ပြန်လည်ကျင်းပမည့် အာစရိယပူဇော်ပွဲသို့ တက်ရောက် နိုင်၊ မတက်ရောက်နိုင်ကို တာဝန်ယူထားသော ကျောင်းသားဟောင်းမှ မေးမြန်းလာခဲ့ရာ တက်ရောက်ပါမည်ဟု ပြန်ကြားခဲ့သဖြင့် မန္တလေးသို့ လိုက်ပို့ရန် မိမိတာဝန်ဖြစ်လာခဲ့ပါတော့တယ်။ ခရီးစရိတ်လည်း ထောက်ပံ့ပေးမည့်အကြောင်းကိုလည်း ကြားသိရသည်။ ပြင်ဦးလွင် မှ ပြေးဆွဲနေသော လိုင်းကားများဖြင့် သွားရန် လုံလောက်မှုရှိသော်လည်း မိမိအိမ်သုံးကားဖြင့် ပို့ဆောင်ပေးရန် စီစဉ်ခဲ့တယ်။ ခရီးဝေး အတွက် မော်တော်ယာဉ်ကို လိုအပ်သည်များကို စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ လပြည့်နေ့မတိုင်မီ ပြင်ဦးလွင်-မန္တလေးအဆင်း တွင် မီးသတ်ကွေ့ဟု နာမည်ကြီးခဲ့သော (၁၉)မိုင် တစ်ဝိုက်တွင် Express ယာဉ်ကြီးတစ်စီးမှာ ချိုယွင်းမှုဖြစ်ကာ ကားငယ်တစ်စီး ကို တိုက်မိပြီး ချောက်ထဲကျသွားခဲ့ကြောင်း ကြားသိရသည်။ခရီး သည်အချို့ သေဆုံးမှုများလည်း ဖြစ်ခဲ့ရသည်။ ထို့အတွက် အရာရာ ဂရုစိုက် မောင်းနှင်ပို့ဆောင်ရန်လည်း စီစဉ်ခဲ့ရတယ်။

အောက်တိုဘာ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်တွင် ပွဲကောက်ရွာ မှ ထွက်ခွာလာခဲ့တယ်။ သီတင်းကျွတ်လပြည့်နေ့ဖြစ်၍ ပြင်ဦးလွင် သို့ လည်ရန်တက်လာသော ကားကြီး၊ ကားငယ်များ များပြားလျက် ရှိသဖြင့် သတိကြီးစွာထား၍ ဂရုပြုမောင်းနှင်ခဲ့ရာ ၈ နာရီခွဲခန့် အ.ထ.က(၁)သို့ ရောက်ရှိခဲ့ရတယ်။ ပူဇော်ပွဲဖြစ်မြောက်ရေး တာဝန်ယူထားကြသော ကျောင်းသားဟောင်းများက လှိုက်လှိုက်လဲလဲ ပျူငှာစွာ ဆီးကြိုခဲ့ကြပြီး အစစအရာရာ ဂရုစိုက်ဆောင်ရွက်ပေးခဲ့ကြ ပါတယ်။ ဆရာ၊ ဆရာမများနှင့် ဧည့်သည်များကို အလှူရှင် ကျောင်သားဟောင်းများက ကျွေးမွေးသော ကော်ဖီနှင့် မုန့်များကို တိုက်ကျွေးခဲ့ကြတယ်။ စီစဉ်ထားမှုများ စနစ်တကျရှိကြပါတယ်။ ဇနီးအတွက် တာဝန်ယူထားသော ကျောင်းသားမှ လွယ်အိတ်အဖြူ လေးနှင့် အထဲတွင် အသီးသီး လူဝါနိုးထားသော အလှူငွေများထည့် ထားသည့် စာအိတ်များ၊ ကျင်းပရေးကော်မတီ စာအုပ်နှင့် တပ်ဆင် ရမည့် ရင်ထိုးများကို လာရောက်ပေးအပ်ခဲ့တယ်။

ရွှေဦးစွာ ရောက်ရှိနေသော ကျောင်သားဟောင်းများ ပြန်လည် တွေ့ဆုံကြရမှုအပေါ် စကားလက်ဆုံကျနေမှုများ၊ အငြိမ်းစားဆရာ၊ ဆရာမများ တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ နွေထက်မှုများကို တွေ့ရ ပြီး မတက်ရောက်နိုင်ကြသူများအတွက် အလွမ်းသယ်နေကြသူ များကိုလည်း ကြားနေရပြန်တယ်။ လက်ရှိ ကျောင်းအုပ်ဆရာ ကြီးမှာလည်း တာဝန်ရှိသည့်အလျောက် လူပ်ရှားနေတာ ဆရာများ အား နွေထက်နေတာကို မြင်တွေ့ရသဖြင့် ဝိတိဖြစ်မိတယ်။ အငြိမ်းစားယူသွားကြသော ဆရာ၊ ဆရာမကြီးများ၏ ရုပ်ရည်



ရုပကာများမှာ နှစ်အတန်အကြာက ရုပါများကဲ့သို့ မဟုတ်တော့ဘဲ ပြောင်းလဲသွားကြပြီး ဇရာရုပ် ပိုမိုပေါ်လွင်လာကြပြီကိုလည်း မြင်တွေ့ ခဲ့ရတယ်။ သို့သော်လည်း တပည့်ဟောင်း၊ ကျောင်းသားဟောင်း များကို မြင်တွေ့ရသည့် အပြုံးမျက်နှာများက ကြည်နူးစရာပင် ဖြစ်နေတာကို မြင်ရပြန်တယ်။ ကျောင်းအပေါ် သံယောဇဉ်ကြီးမား မှုကြောင့် ပြင်ဦးလွင်ထက် ဝေးလံသော နေပြည်တော်၊ ရန်ကုန် တို့မှပင် တက်ရောက်လာကြသော ဆရာများကိုလည်း တွေ့ရပြန် တယ်။

အ.ထ.က(၁)အာစရိယပူဇော်ပွဲမှာ ထူးခြားတာတစ်ခု သတိပြု မိတယ်။ ကန်တော့ခံဆရာ အသက်ငယ်သည်ဖြစ်စေ၊ အသက် အရွယ်ကြီးသော ကျောင်းသားဟောင်းများမှ လက်အုပ်ချီကန်တော့ ကြပါတယ်။ အသက်အရွယ်ကို ကန်တော့ခြင်းမဟုတ်၊ အာစရိယ ဂုဏ်အာနုန္တရောဆိုသည့် စကားရပ်အတိုင်း ဆရာ၏ ဂုဏ်ကို ကန်တော့ခြင်းဖြစ်တယ်ဟု မှတ်ယူကာ ကန်တော့ကြသည်ကို လည်း တွေ့ရတယ်။ ပီတိဖြစ်စရာပါ။ အကြမ်းဖျဉ်းအားဖြင့် ၂၀၁၉ နှစ် ကျင်းပသော အာစရိယပူဇော်ပွဲတွင် ကန်တော့ခံဆရာ၊ ဆရာမကြီးများမှာ စုစုပေါင်း ၁၃၀ ဦး ရှိခဲ့သော်လည်း ၂၀၂၆ ခုနှစ် တွင် ကျောင်းအုပ်ကြီးများ အပါအဝင် ဆရာ၊ ဆရာမ ၁၁၃ ဦးသာ ရှိတော့သည်ကို တွေ့ရတယ်။ အချို့ ဆရာ၊ ဆရာမများမှာ လက် ကိုင်တုတ်များ အထောက်အကူဖြင့် အားယူကာ တက်ရောက်လာ ကြတယ်။

အခမ်းအနားကို အခမ်းအနားမှူး ဦးသင်္ကြန်ကျော်မှ အစီအစဉ် အတိုင်း အဆင်ပြေစွာ ကျင်းပပြီး လူဝါနိုးမှပြုကြသူ အလှူရှင် ကျောင်းသားဟောင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ခဲ့ကြတယ်။ ထို့နောက် ကျောင်းသားဟောင်း တစ်ဦးတိုင် ပေးသော ဂုဏ်ပြုဂါရဝစာသားကို လိုက်ရွတ်ဆိုပြီး ဆရာများကို ကန်တော့ခဲ့ကြတယ်။ ကျောင်းအတွက် ရာသက်ပန်ပဒေသာပင် အလှူရှင် ကျောင်းသားများက စိတ်အားထက်သန်စွာ လူဝါနိုးခဲ့ကြ တယ်။ ထို့အတူ မျိုးဆက်သစ်ကျောင်သားများ ပညာရည်မြင့်မား ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ငွေကျပ် သိန်း ၂၄၀၀ ကို အလှူရှင်ခြောက်ဦးမှ ပါဝင်လှူဒါန်းခဲ့ကြတယ်။ အငြိမ်းစာဆရာ၊ ဆရာမများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ငွေကျပ် သိန်း ၉၂၀ ခန့် ရရှိထားသည်ကို အငြိမ်းစားကျောင်းသားဟောင်း ဆရာကြီး ဦးအေး(ဓာတု)မှ ငွေကျပ် သိန်း ၁၀၀၀ ပြည့်မီရေးကို ဖြည့်စွက် လူဝါနိုးရန် အခမ်းအနားကျင်းပနေစဉ် ရွှေဆော်ခဲ့တယ်။ ထို့အတွက် ကျောင်းသားဟောင်းများမှ အားတက်သရော တက်ကြွစွာ ပါဝင် လှူဒါန်းခဲ့ကြသဖြင့် ငွေကျပ် သိန်း ၁၀၀၀ ကျော်သည်အထိ ပြည့်မီ ခဲ့ကြောင်း မြင်တွေ့ ကြားသိခဲ့ရတယ်။

အနှစ်ချုပ်အားဖြင့် ရေးသားရပါလျှင် အ.ထ.က(၁) မန္တလေး အမျိုးသားကျောင်းသားများနှင့် ကျောင်းသားဟောင်းများ၏ (၄၇) ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို အောင်မြင်ခမ်းနားစွာ ကျင်းပ နိုင်ခဲ့သည်ကို မြင်တွေ့ခဲ့ရပြီး တက်ရောက်ကြသူ ဆရာ၊ ဆရာမ များသို့ ပေးအပ်သော လွယ်အိတ်ဖြူဖြူလေး၏ စေတနာ အနှစ် သာရရှိမှုများမှာ တန်ဖိုးဖြတ်၍ မရနိုင်ကြောင်း ဂုဏ်ပြုရေးသား လိုက်ရတယ်။

နှစ်စဉ် ကျင်းပသော အာစရိယပူဇော်ပွဲများသို့ ဇနီးသည်ကို ပို့ရင်း အမြဲရောက်ရှိခဲ့ရသည့်အတွက် အ.ထ.က(၁)ကျောင်းသားဟောင်းများ၏ စုစည်းမှု၊ ကျောင်းအပေါ် သံယောဇဉ်ကြီးမားမှု၊ ဆရာ၊ ဆရာမများအပေါ် စေတနာထားတတ်မှုများကို မြင်တွေ့ခဲ့ရတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပ

အမရပူရ နိုဝင်ဘာ ၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူနှင့် တာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူများအကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း(Public Talk)ကို အမရပူရမြို့နယ်၊ ကမ္ဘဲကျေးရွာအုပ်စု၊ ကမ္ဘဲကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရွေးဦးစွာ မန္တလေးတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)ဒေါ်စောမြိုင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်းက အမှာစကား ပြောကြားကာ မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက (Public Talk) ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပဆောင်ရွက်ရာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းဝင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီဝင်း၊ မြို့နယ်လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးဝင်းဇော်၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနိုင်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပမအေးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသော ပြည်သူများက သိရှိလိုသူများကို မေးမြန်းခဲ့ကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

လဲ့လဲ့နိုင်



အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

မြစ်သား နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညှစ်ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် ရာသီဥတုကို ပြည်သူများကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက အိမ်ရှေ့တောင်အုပ်စု၊ အိမ်ရှေ့တောင်ကျေးရွာ၌ အယ်လ်နီညှစ်အကြောင်း အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြသည်။



ဟောပြောပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာ ဦးဆောင်၍ ဝန်ထမ်းများက အယ်လ်နီညှစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ပြီး အပူလွန်ကဲခြင်းများ၊ ရေရှားပါးခြင်းများ၊ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာနိုင်သည့်အတွက် ကြိုတင်ကာကွယ်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များ၊ သောက်သုံးရေကို ကြိုတင်စုဆောင်းထားရှိခြင်း၊ ရေသိုလှောင်ကန်များကို သန့်ရှင်းစွာထိန်းသိမ်းခြင်းနှင့် ရေကိုလိုအပ်သလောက်သာ သုံးစွဲကြရန် လိုက်နာရမည့် အချက်များအား အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲဘုံ)

၀၀၀မြင့်(မြစ်သား)



ဥတုရာသီ တောကိုမှီ၏။။

သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် အယ်လ်နီညှစ်ဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကို သတိပြုကာကွယ်နိုင်ရန် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက စံပြသိမ်ကုန်းရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွန်းက သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနိုးအေးခိုင်က ကလေးအလုပ်သမားပပျောက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာကြသည့် ပြည်သူများက လေ့လာဖတ်ရှုခဲ့ကြကြောင်းနှင့် အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ဟောပြောပွဲသို့ ပြည်သူ ၁၂၀ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

အေးနိုင်(ပြန်/ဆက်)





ပတ်စရာ၊ မှတ်စရာ ခုံလင်း ကြေးမုံ

မြတ်ဥစ္စာဟာ ပညာပါ

* ပညာသည် အမြတ်တရား
မှတ်သားစို့ ထာဝစဉ်
ပညာဂုဏ် တန်ခိုးထက်မှာ
တိုးတက်မည်ပင်။
ပျင်းရိခြင်း ရှောင်ကြဉ်လျှင်
အောင်မြင်မှာ အမှန်မလွဲ
ပညာကို တန်ဖိုးထားကွယ်
ကြိုးစားစဉ်မြဲ။

* အားမာန်ဆောင် သတ္တိခဲ
ဝီရိယငွေ့ စိုက်ထူလေ
ပညာကို အခြေခံလျက်
ရှေ့ဆက်သင့်ပေ။

* ရည်မှန်းချက် ပန်းတိုင်အခြေ
လှမ်းနိုင်စေ မောင်မယ်များ
တန်ဖိုးရှိ လူသားအဖြစ်ကို
ထုဆစ်လှုပ်ရှား။။

* ပညာသည် ဥစ္စာပါလား
သင်ယူမပြတ် ရှာဖွေပါ
မောင်မယ်တွေ ဘဝလမ်း
ဖြောင့်တန်းဖို့ရာ။
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တာပါ
လူဘဝတွင် နေထိုင်မနေး
ပညာဉာဏ် အခြေခံမြှင့်လို့
ဂုဏ်တင့်စေလေး။။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

ဆရာတော်၊ သံဃာတော် ငါးပါးအား သိက္ခာကံထပ်မင်္ဂလာအလှူတော် ကျင်းပ



မြစ်ကြီးနား၊ နိုဝင်ဘာ ၁

မြစ်ကြီးနားမြို့ ခေမာသီရိရပ်ကွက် အဖွဲ့ခွဲ(၃၇၄) မိုးကုတ်ခမ္မရိပ်သာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် 'တိလောကမုနိမိန်ရတနာ' စေတီတော်မြတ်ကြီးတွင် ဗုဒ္ဓဘိသေက အနေကဇာတင်လှူပွဲကို ယမန်နေ့ နံနက် ၅ နာရီက အဆိုပါ စေတီတော်မြတ်ကြီး၌ ကျင်းပရာ (၃၇၄) မိုးကုတ်ခမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနာဃက ဆရာတော်ဘဒ္ဒန္တသြဘာသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များက စေတီတော်ကြီးအား အနေကဇာတင်လှူကာ အရာဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ကျောင်းတိုက်အတွင်းရှိ မြတ်သစ္စာခမ္မာရုံတွင် မြစ်ကြီးနားမြို့နေ ရဟန်း ဒါယကာ ရဟန်းဒါယိကာမများဖြစ်သည့် 'အာယုဒါန ဆွမ်းအဖွဲ့' မိသားစုမှ ဆရာတော် ဘဒ္ဒန္တသြဘာသ အမှူးပြုသည့် ဆရာတော်သံဃာတော် ငါးပါးအား သင်္ကန်းပရိက္ခရာရှစ်ပါး ဆက် ကပ်လှူဒါန်းကြပြီး ရွှေရတနာသိမ်တော်တွင် ဆရာတော်ကြီးများက သိက္ခာကံထပ်မင်္ဂလာကျင်းပပြီး အလှူရှင်များက ဆရာတော်ကြီးများနှင့် သီလရှင်ဆရာလေးများအား လူဖွယ်ဝတ္ထုစုစုတို့ဖြင့် သိမ်ဆင်းလောင်းလှူခဲ့ကြသည်။

ဆက်လက်၍ သိက္ခာကံထပ်၊ ကံဆင့်၊ ကံမြင့် အလှူတော်မင်္ဂလာကို မြတ်သစ္စာခမ္မာရုံတွင် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား သြကာသကန်တော့ချိုးဖြင့် ရှိခိုးကန်တော့၍ ဆရာတော်ဘဒ္ဒန္တသြဘာသထံမှ ရှစ်ပါးသီလတော်မြတ်ကို ခံယူဆောက်တည်ပြီး ပရိတ်တရားတော်များ နာယူကြည်ညိုဖွယ် ဆရာတော်၊ သံဃာတော်များကို သင်္ကန်းနှင့် လူဖွယ်ဝတ္ထုစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ)

သူရိန်(ကချင်)

၀-၀-၀-၀-၀



မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစုမှ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ၊ ကန်တော့ငွေနှင့် ပစ္စည်းများ ပေးအပ်

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစုမှ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ခမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသီတာထွန်းနှင့် သတ္တဗေဒဌာန ပါမောက္ခ၊ ဌာနမှူး၊ ပါမောက္ခများ၊ မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနတည်ထောင်သူ ပထမဆုံးပါမောက္ခဒေါက်တာ ဒယ်လ်ဖင် အမှူးပြုသော ကန်တော့ခ် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမဋ္ဌမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကန်တော့ခ် ဆရာ၊ ဆရာမကြီးများအား ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးသည်။

ထို့နောက် သတ္တဗေဒဌာနပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါက်တာဒယ်လ်ဖင်နှင့် ဒေါ်ခင်ထွေးမြင့်တို့က ဆုပေးစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ အသက် (၆၅)နှစ်အထက် ကန်တော့ခ် ဆရာ၊ ဆရာမကြီးများ နေရာယူခြင်း၊ ဆရာ၊ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ကန်တော့ခြင်း၊ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ဂါရဝပြုပေးအပ်ကြပြီး ကန်တော့ခ်ဆရာကြီး ဦးမြင့်ဆွေက ဆုပေးစကားပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော ဓာတ်ခွဲခန်းနှင့် ရုံးဝန်ထမ်းများအား လက်ဆောင်ပေးအပ်ပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်နိုင်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(၀၄၅)**

ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား အားပြည့်အချိုရည်နှင့် မုန့်များလှူဒါန်း



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က မန္တလေးမြို့ HILL-SIDE@MANDALAY RESORT@VILLA မှ မချစ်ရည်မွန်ဆန်း ၃၈နှစ်ပြည့် မွေးနေ့အလှူအဖြစ် တစ်နေ့တာ ဆွမ်းအလှူငွေကျပ် ခုနစ်သိန်း ဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်း စုစုပေါင်းငွေကျပ် ၁၂သိန်းအား လာရောက်လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်း ဆွမ်းကွမ်းအဖွဲ့ဝင် ဦးယုတင်တို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်စဉ်။

(၀၇၀)

တံတားဦး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော အတွင်းလူနာများကို အားဖြည့်အချိုရည်နှင့် မုန့်များကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံသို့ လာရောက် လှူဒါန်းခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်နှင့် တာဝန်ရှိသူများက ဆေးရုံကုသရေးလုပ်ငန်းများကို လှည့်လည်ရှုကြပြီး ဆေးရုံအတွင်းကုသရေးလုပ်ငန်းများအတွက် ဆောင်ရွက်ထားရှိမှုတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦးက ရှင်းလင်းတင်ပြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော အတွင်းလူနာများကို အားဖြည့်အချိုရည်နှင့် မုန့်များကို လူနာများလက်ဝယ်အရောက် လှူဒါန်းပေးသည်။ တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော အတွင်းလူနာ ၆၂ ဦးရှိကြောင်း လည်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

(၄၀၉)



စုပေါင်းသန့်ရှင်းရေးဆောင်ရွက်၍ ဆေးရုံတက်ရောက်ကုသလူနာများအား ထောက်ပံ့ပေးအပ်

မိုင်းဓတ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မြို့အင်္ဂါရပ်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲက မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပြီး ဆေးရုံတက်ရောက် ကုသလူနာများကို ကြည့်ရှုအားပေးပြီး အာဟာရကြက်ဥနှင့် ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော် ဦးဆောင်သည့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များစုပေါင်း၍ ပြည်သူ့ဆေးရုံဝန်းအတွင်းရှိ အမှိုက်နှင့် ပေါင်းမြက်များအား ရှင်းလင်းခြင်း၊ ရေမြောင်းအတွင်း ပိတ်ဆို့နေသော အမှိုက်များကို ဆယ်ယူရှင်းလင်းခြင်း၊ သစ်ရွက်ခြောက်များအား တံမြက်လှည်းကျင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသသည့် လူနာများကို ကြည့်ရှုအားပေးကာ အာဟာရကြက်ဥနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀



အစားအစာ အကြွင်းအကျန် မရှိစေရေး စားသောက်မှုပုံစံကို ဂရုစိုက်ပေး။



နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးတောသူများအား ရင်းနှီးမြှုပ်နှံနိုင်ရေး ငွေထုတ်ချေးပေးအပ်ပွဲ ကျင်းပ

ဟားခါး နိုဝင်ဘာ ၁

နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ (၁၁)ကြိမ်မြောက်နှင့် (၁၂)ကြိမ်မြောက် စိုက်ပျိုးရေးနှင့် မွေးမြူရေး တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေး ငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၃၁ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အဆင့် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ဘဏ္ဍာရေးရာ ဝန်ကြီး ဒေါက်တာလျန်ဇခုပ်က ဟားခါမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ဒေသ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကြောင်း၊ ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ မိသားစုဝင်ငွေတိုးတက်ရေးနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှု မြင့်တင်ရေးတို့ အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ ငွေကြေးအရင်းအနှီးပံ့ပိုးပေးခြင်းအပြင် ထုတ်လုပ်မှုနည်းစနစ်များ တိုးတက်ကောင်းမွန်ရေး၊ ဒေသနှင့် ကိုက်ညီသည့် သီးနှံများနှင့် မွေးမြူရေး လုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ရေး၊ ထွက်ကုန်များ ဈေးကွက်သို့ ရောက်ရှိရေးနှင့် အလေအလွင့်နည်းပါးရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများ အနေဖြင့် မိမိတို့၏ အတွေ့အကြုံများကို အခြေခံ၍ နည်းပညာအသစ်များကို လေ့လာအသုံးချကြရန်နှင့် အရည်အသွေးကောင်းမွန်သည့် ထွက်ကုန်များရရှိအောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း ယနေ့ချေးငွေပေးအပ်ခြင်းမှ တစ်ဆင့် တောင်သူများ၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာပြီး ဟားခါးမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် မျှော်လင့်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အဆင့် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမင်းဇော်နိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်အဆင့် ရန်ပုံငွေစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးရာဝန်ကြီး ဒေါက်တာလျန်ဇခုပ်နှင့် တာဝန်ရှိသူများက ချေးငွေရယူမည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး တောင်သူများအား ချေးငွေများ ပေးအပ်ကြပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ (၁၁)ကြိမ်မြောက်နှင့် (၁၂)ကြိမ်မြောက် အဖြစ် ထုတ်ချေးငွေကျပ် ၁၂၇ ဒသမ ၁၀၀ သန်းကို စိုက်ပျိုးရေးနှင့် မွေးမြူရေးတောသူ ၅၈ ဦးအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝံပုံ) KWO ဟားခါး

အသိပညာပေးဟောပြော၊ လက်ကမ်းစာစောင်များ ဖြန့်ဝေ

ငဖဲ နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇီးတောကျေးရွာမွေ့ခုံ၌ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ငဖဲမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးကျော်စိုးက အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် အပူချိန်မြင့်တက်ခြင်း၊ မိုးခေါင်ခြင်းနှင့် မိုးရွာသွန်းမှုပုံစံ ပြောင်းလဲခြင်းတို့ ဖြစ်ပေါ်စေနိုင်ပြီး ပြည်သူတို့၏ ကျန်းမာရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆိုးကျိုးသက်ရောက်နိုင်ကြောင်း၊ ကြံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ၊ အယ်လ်နီညိုအပူဒဏ် အန္တရာယ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သောက်သုံးရေရရှားပါးမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ရမည့်အချက်များ၊ အယ်လ်နီညိုကြောင့် ပြင်းထန်သည့် အပူလှိုင်းနှင့် အသက်အန္တရာယ်ရှိသည့် အပူရှဲခြင်း မဖြစ်ပေါ်စေရန် ကာကွယ်ရမည့် အချက်များကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ပြည်သူများက အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာဝုံ) မယု(ငဖဲ)



သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

ဆောင်းသီးနှံဖြစ်သည့် မျိုးမြေပဲ စတင်ရောင်းချ

ကသာ နိုဝင်ဘာ ၁

ကသာမြို့တွင် ဆောင်းသီးနှံဖြစ်သည့် မျိုးမြေပဲ လက်လီလက်ကားရောင်းချခြင်းကို အောက်တိုဘာလကုန်ပိုင်းမှ စတင်ရောင်းချပေးရာ ဆောင်းသီးနှံမြေပဲကို ဧရာဝတီမြစ်မြေနကျွန်းပေါ်မှာ စိုက်ပျိုးကြတယ်၊ အခုလစောနေသေးတယ်၊ မြေနကျွန်းပေါ်မှာ ပေါက်ရောက်နေတဲ့ ကိုင်းပင်တွေ ခုတ်ထွင်ခြင်း၊ ချန္ဒယ်ရှင်းခြင်း၊ မြေဆွထွန်ယက်ခြင်း လုပ်ဆောင်နေကြဆဲရှိလို့ မျိုးမြေပဲလာရောက် ဝယ်သူပါးနေသေးတယ်၊ ၁၁ လပိုင်း လလယ်ရောက်ရင်တော့ လာရောက်ဝယ်သူများလာနိုင်ကြောင်း မြေပဲရောင်းသူတစ်ဦးက ပြောသည်။

ကသာမြို့ပေါ်တွင် ဆောင်းသီးနှံနှင့် မြေပဲအမျိုးမျိုး ရောင်းချဆိုင်များ တိုးပွားလျက် တိုးနီမျိုးမြေပဲ တစ်တင်းလျှင် ငွေကျပ် နှစ်သိန်း ရှစ်သောင်း၊ ဗီမျိုးမြေပဲ နှစ်သိန်းခုနစ်သောင်း၊ S1 မြေပဲ နှစ်သိန်းခုနစ်သောင်း၊ ရောင်းချပေးနေလျက် စိုက်ပျိုးချိန် သုံးလ၊ လေးလခန့်ကြာမြင့်ပြီး အထွက်နှုန်းအားကောင်းလျက် ဧရာဝတီမြစ်ကမ်းဘေး သဲနုန်းတင်ကျန်ရစ်သော မြေနကျွန်းများ စိုက်ပျိုးပါက အလွန်ကောင်းမွန်ကြောင်း ၎င်းက ပြောသည်။

ကသာမြို့နယ် အရှေ့ဘက်ကမ်း၌ နေထိုင်ကြသူ တောင်သူအများစုသည် ငွေလုံးငွေရင်းရှိစေနိုင်သော မြေပဲ အမျိုးမျိုးနှင့် စိုက်ပျိုးမြေကွက်ပေါ်မူတည်ကာ ပဲ၊ ပြောင်း၊ ငရုတ်၊ ကော်ဇီထုပ်၊ မုန်လာဥ၊ ခရမ်းချဉ်သီး၊ ဈေးကွက်ပေါ် ဖြန့်ချိနိုင်ရေး စိုက်ပျိုးကြလျက်ရှိကြောင်း သိရသည်။

(၄၅၇)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်၊ အာဟာရဒါနပေးလှူ

ပုသိမ်ကြီး နိုဝင်ဘာ ၁

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြည်သူ့ဆေးရုံ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီက စတင်ကာ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း ဦးဆောင်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်း၍ ဆေးရုံရှိ အမှိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းပြီး ဆေးကုသမှု ခံယူနေသည့် လူနာများကို၊ ကြက်ဥ၊ ကိတ်မုန့်တို့ဖြင့် အာဟာရဒါန ပေးလှူခဲ့ကြောင်း သိရသည်။

(အောက်ပုံ) ရွှေရန်ကင်း



မီးဘေးလုံခြုံရေး ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေး၊ ရေရရှိရေးနှင့် မီးသတ်ယာဉ်ဝင်ထွက်သွားလာနိုင်ရေးလမ်းများ ကြည့်ရှု

မန္တလေး နိုဝင်ဘာ ၁

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက် သာမိုးရပ်နှင့် အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်တို့တွင် မီးဘေးကြီးတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများအား အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်မြို့နယ် အရန်မီးသတ်တပ်ရင်းမှ ဒုတိယတပ်ရင်းမှူး၊ တပ်ခွဲမှူးနှင့်တမွဝတီရပ်ကွက် နယ်မြေစခန်းတာဝန်ခံနှင့် တပ်ဖွဲ့ဝင်များ၊ အမရပူရမြို့နယ် မီးသတ်ဦးစီးမှူးနှင့် သန္ဓေအရှိန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ရပ်ကွက်အတွင်း မီးဘေးအန္တရာယ်မဖြစ်စေရေး နေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ ရပ်ကွက်အတွင်း ရေရရှိရေးနှင့် မီးသတ်ယာဉ်ဝင်၊ ထွက်သွားလာနိုင်သည့်လမ်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် နေအိမ်နှင့် လုပ်ငန်းများ မီးဘေးလုံခြုံရေးအတွက် မီးသတ်မူရေး အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



အယ်လ်နီညို အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများအား ကွင်းဆင်းကြည့်ရှု

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်တွင် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အပူရောဂစခန်းများ ဖွင့်လှစ်ဆောင်ရွက်ထားလျက်ရှိရာ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးနှင့် တာဝန်ရှိသူများက သရက်တောကျောင်းတိုက် ဓမ္မာရုံ၌ ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းအား အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်အတွင်းတွင် အယ်လ်နီညို သဘာဝဘေးအန္တရာယ်ဖြစ်စဉ် ဖြစ်ပေါ်လာပါက ပြည်သူလူထု၏ အသက်အိုး အိမ်စည်းစိမ်ဆုံးရှုံးမှုကို အနည်းဆုံးအဆင့်သို့ လျှော့ချပေးနိုင်ရေး၊ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် ပူပြင်းခြောက်သွေ့မှုဒဏ်နှင့် ရေရှားပါးမှုပြဿနာများကို ပြည်သူလူထုခံစားရမှု သက်သာစေရန်၊ အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးပေးနိုင်ရေး၊ အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များအား လူထုအခြေပြုစနစ်ဖြင့် ပူးပေါင်းကာကွယ်နိုင်ရေးအတွက် ရေသန့်၊ ခေါက်ဆွဲခြောက်၊ ဆန် စသည့် စားသောက်ကုန်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ဆေးဝါးများ၊ လူနာတင်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များ ဆောင်ရွက်ထားရှိမှုများအား လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေရန်ကင်း



ခုတင်(၅၀၀) အရိုးအထူးကုဆေးရုံကြီးဝင်းအတွင်း ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းသာယာစေရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရန် ရည်ရွယ်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက်ရှိ ခုတင်(၅၀၀) အရိုးအထူးကုဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး ဦးဆောင်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတလူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပူးပေါင်းကာ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများမှ နုန်းစာများ ဆယ်ယူခြင်းတို့အား စုပေါင်းဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၆၉)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁

စစ်ကိုင်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသည့် သင်တန်းသားအား ဆုပေးအပ်ခဲ့သည်။

ဆက်လက်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မြင့်ဟန်တို့က ထူးချွန်ဆုရရှိကြသော သင်တန်းသားများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဆုတံဆိပ်များနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်ပို့ချခဲ့ပြီး စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

နေလင်းအောင်(ပြန်/ဆက်)



မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ နိုဝင်ဘာ ၁

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၁၃)ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပြောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဆင်မတောင်ကျေးရွာအုပ်စု၊ ဆင်မတောင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ဆင်မတောင်ကျေးရွာ၌ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၈၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဆင်မတောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၀ ဦးကို ငွေကျပ် ၄၃၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၀ ဦးကို ငွေကျပ် ၃၅၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁၄သိန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပြောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၈၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) ဆက်လူ



၂၀၂၆ ခုနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေး

သရက် နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သရက်ခရိုင်ဘဏ်ခွဲ၊ သရက်မြို့နယ်အနေဖြင့် ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား ကျေးရွာအုပ်စု(၂၆) အုပ်စုရှိ တောင်သူဦးရေ ၁၃၀၂ ဦးတို့အား အခြားသီးနှံ ၄၆၇၆ ဧကအတွက် ထုတ်ချေးမည့် ငွေကျပ် ၁၁၆၉၀ သိန်းအား ၅၀ ရာခိုင်နှုန်း ငွေသား + ၅၀ ရာခိုင်နှုန်း Mobile Payment ဖြင့် ထုတ်ချေးရန် လျာထားသတ်မှတ်ထားရှိသည်။

သရက်မြို့တွင် အောက်တိုဘာ ၂၉ ရက်မှစတင်၍ ကျေးရွာအုပ်စု(၃)အုပ်စု၊ တောင်သူဦးရေ ၄၁ ဦးသို့ အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅၀ သိန်းနှုန်းဖြင့် ချည်မျှင်ရှည်၀ါ(ရိုးရိုး) ၁၀၅ ဧက၊ အခြားသီးနှံ ၄၁ ဧကအတွက် ၂၀၂၆ ဆောင်းချေးငွေကျပ် ၃၆၅ သိန်းကို ထုတ်ချေးပြီးဖြစ်ကြောင်းနှင့် ဆောင်းသီးနှံများအတွက် ထုတ်ချေးငွေများကို ၂၀၂၆ ခုနှစ် အောက်တိုဘာမှ ၂၀၂၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

(ဝဲပုံ)

မောင်လှလင်(သရက်)



o–o–o–o–o–o

အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ။

သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

ဟိုပင် နိုဝင်ဘာ ၁

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့တွင် ဌာနဆိုင်ရာများ ပူးပေါင်း၍ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီ အထိ တကွင်းကျေးရွာ၊ မြို့သစ်ကလေးကျေးရွာများတွင် အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ရာ ဟိုပင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လင်းသွယ်သွယ်ဦးက အယ်လ်နီညိုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ အကြောင်းအရာကိုလည်းကောင်း၊ မြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမိုင်မိုးဝင်းက ရေအရင်းအမြစ်အသုံးချမှုနှင့် စိုက်ပျိုးရေးသီးနှံများအကြောင်းကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းထက်ကို က အယ်လ်နီညိုကာလအတွင်း လယ်ယာသုံးစက်ပစ္စည်းများအသုံးပြုပုံ အကြောင်းအရာကိုလည်းကောင်း၊ နယ်မြေမီးသတ်စခန်း ဒုတိယဦးစီးမှူး ဦးသိန်းကျော်က အယ်လ်နီညိုကာလအတွင်း တွေ့ကြုံရမည့် တောမီးလောင်ကျွမ်းခြင်းနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဟိုပင်မြို့ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဌေးဖေပရယ်ကျော်နှင့် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ညိုညိုသင်းတို့က အယ်လ်နီညို ရာသီဥတုဖြစ်စဉ်အတွင်း ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်မှုအပေါ် အလေးထား လိုက်နာနေထိုင်ရမည့် အသိပညာများအကြောင်း အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးမှုအပေါ် မိဘပြည်သူများက သိရှိလိုသည်များအား အပြန်အလှန်ဆွေးနွေးခဲ့ပြီးနောက် ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ အယ်လ်နီညိုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကြိုတင်သိရှိလိုက်နာရမည့်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

လင်းသွယ်ဦး(ပြန်/ဆက်)





အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၌ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ စီမံမှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ စုပါအယ်လ်နီညို ဖြစ်ပေါ်လာပါက လူနှင့် တိရစ္ဆာန်များ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်အလိုက် ကွင်းဆင်း၍ အသိပညာပေး ဟောပြောပွဲများပြုလုပ်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်က သာယာအေးရပ်ကွက်၊ ဈေးကွက်သစ်ရပ်ကွက်နှင့် မြို့မကွက်သစ်ရပ်ကွက်တို့တွင် ပြုလုပ်ခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နံနက် ၉ နာရီတွင် သာယာအေးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ဈေးကွက်သစ်နှင့် မြို့မကွက်သစ်ရပ်ကွက်များ ပူးပေါင်း၍ ဈေးကွက်သစ်ရပ်ကွက် ဓမ္မာရုံ၌လည်းကောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ရပ်မိ၊ရပ်ဖများ၊ ရပ်ကွက်နေ ပြည်သူများအား အသိပညာပေး ဟောပြောကြသည်။

ထိုသို့ တွေ့ဆုံဟောပြောရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းမြင့်က အပူရှိန်လွန်ကဲမှုကြောင့် ဖြစ်ပွားလာနိုင်သည့် မီးလောင်မှုပြဿနာများ၊ မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားသင့်သည်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က အပူဒဏ်ကြောင့်ဖြစ်ပွားလာနိုင်သည့် ရောဂါများ၊ ရေပြတ်လပ်မှုပြဿနာများနှင့် လူနှင့်မွေးမြူရေး တိရစ္ဆာန်များအတွက် ကြိုတင်စီမံဆောင်ရွက်ထားသင့်သည်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပွင့်ဝေက စုပါအယ်လ်နီညိုဖြစ်စဉ်နှင့် ဖြစ်ပွားလာပါက အပူဒဏ်ကြောင့် ကြုံတွေ့လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကို အသိပညာပေး ဟောပြောခဲ့ကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ သာယာအေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ရပ်မိ၊ ရပ်ဖများနှင့် ရပ်ကွက်နေ ပြည်သူ ၉၃ ဦး၊ မြို့မကွက်သစ်နှင့် ဈေးကွက်သစ်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ရပ်မိ၊ရပ်ဖများနှင့် ရပ်ကွက်နေ ပြည်သူ ၈၅ ဦး၊ စုစုပေါင်း ၁၇၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၆)

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊ သင်တန်းသူများအား ကြုံခိုင်စွမ်းရည်စစ်ဆေး

မန္တလေး နိုဝင်ဘာ ၁

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား ကြုံခိုင်စွမ်းရည် ငါးမျိုး စစ်ဆေးခြင်းကို အောက်တိုဘာ ၃၁ ရက် နံနက် ၆ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်းတွင် ပြုလုပ်သည်။

သင်တန်းသား၊ သင်တန်းသူများအား နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် အရည်အချင်း ပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက် ရှိသင့်သည့် ကြုံခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မူများက ကြုံခိုင်စွမ်းရည် ငါးမျိုး စစ်ဆေးကြရာ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ပြီး စံချိန်ကောင်းသည့် သင်တန်းသားများကို ကျောင်းအုပ်ကြီးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ မြန်မာ့လက်ရွေးစင် အားကစားသမားများ ဖွေးထုတ်ပေးနိုင်ခဲ့ပြီး သက်တမ်းအလိုက် နိုင်ငံတကာပြိုင်ပွဲများတွင် ရွေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)



အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေး

ကျန်းလု နိုဝင်ဘာ ၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျန်းလုမြို့နယ်တွင် အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ယနေ့ နံနက်ပိုင်းက ပုံမှန်တိုးချဲ့ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခဲ့သည်။

အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို လစဉ် လဆန်း ၁ ရက်မှစတင်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြတ်မိုးဆန်း ဦးဆောင်ကြီးကြပ်၍ မြို့နယ်ပြည်သူ့ဆေးရုံနှင့် မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာန၌ အသက်အပိုင်းအခြားအလိုက် သတ်မှတ်ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံတိုက်ကျွေးပေးကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



သရက်မြို့နယ်တွင် မြန်မာ့ရေနံဓာတုပေဒလုပ်ငန်း၏ ယူရီးယားမြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

သရက် နိုဝင်ဘာ ၁

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်တွင် မိုးစပါး၊ ပဲပုပ်၊ ချည်မျှင်ရှည်ဝါများ ပန်းတိုင်အထွက်ရရှိရေး မြန်မာ့ရေနံဓာတုပေဒလုပ်ငန်း၏ ယူရီးယားမြေဩဇာများ ဈေးနှုန်းချိုသာစွာဖြင့် ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ရောင်းချပွဲကို ဆောင်ရွက်ခဲ့သည်။

သရက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနခွဲ မိုးစပါး၊ ပဲပုပ်၊ ချည်မျှင်ရှည်ဝါများ စိုက်ပျိုးသောတောင်သူများကို မြန်မာ့ရေနံဓာတုပေဒလုပ်ငန်း၏ ယူရီးယားမြေဩဇာ ၅၂၀ အိတ်အား ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၃၄ ရွာရှိ တောင်သူ ၄၄၀ ဦးတို့ကို ယူရီးယားမြေဩဇာ တစ်အိတ် လျှင် ငွေကျပ် ၄၂၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး မြို့နယ်ယူရီးယားမြေဩဇာ ဖြန့်ဖြူးရောင်းချရေးအဖွဲ့ဝင် ဌာနဆိုင်ရာများမှ စုပေါင်းရောင်းချပေးခဲ့ကြပြီး သရက်မြို့နယ်တွင် ချည်မျှင်ရှည်ဝါ ၁၁၃၈၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဝါစိုက်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မောင်လှလင်(သရက်)



အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်း သင်တန်းဖွင့်လှစ်

မျော်ဘွယ် နိုဝင်ဘာ ၁

မျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူလူငယ်များ အင်္ဂလိပ်စာဘာသာရပ်ကို အခြေခံမှစတင်ကာ နားလည်နိုင်စေရန်အတွက် အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက် ခုနှစ် ၉ နာရီက မြို့နယ်ရုံးလူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက အင်္ဂလိပ်စာရေးသားရာ၌ အမှားအယွင်းကင်းစေရေး၊ ဘာသာစကားစွမ်းရည် တိုးတက်လာစေရေး၊ ပညာရေးတွင် အထောက် အကူဖြစ် စေရေး စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြက သင်တန်းတွင် ပို့ချမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အခြေခံအင်္ဂလိပ်စာ Grammar ရေးနည်းသင်တန်းကို ဆက်လက်ပို့ချပေးခဲ့ပြီး အဆိုပါ သင်တန်းသို့ အခြေခံပညာအလယ်တန်း အဆင့် ရှိကျောင်းသား၊ ကျောင်းသူ ၂၅ ဦး တက်ရောက်လျက် ရှိကြောင်း သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းထွေး(မျော်ဘွယ်)



ဆရာ၊ ဆရာမများ ကျန်းမာရေးဖောင်ဒေးရှင်း ညီနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ စိန့်ပီတာ၊ အ·ထ·က (၉) ဆရာ၊ ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှု ဖောင်ဒေးရှင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဂုဇလမ်း၊ မိုးဝေကျော် လက်ဘက်ရည်ဆိုင်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဦးသီဟထွန်းက ဆရာ၊ ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါက်တာကျော်သက် နိုင်က ဘဏ္ဍာငွေရရှိမှုနှင့် ဘဏ်စာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုသည်။ ထို့နောက် မန္တလေးမြို့နေ ကျန်းမာရေးဖောင်ဒေးရှင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်စွာထွန်း+ဒေါ်ခင်ကြူကြူမြင့် (G & G) စိန်တိုက်က အလှူငွေကျပ် ငါးသိန်း၊ မန္တလေးမြို့နေ River Mandalay Traditional Specialist Clinic တည်ထောင်သူ ဦးသိုက်ထွန်းက ငွေကျပ်တစ်သိန်း တို့ကို လူဒါန်းရာ ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

စိန့်ပီတာ၊ အ·ထ·က(၉) ဆရာ၊ ဆရာမများ ကျန်းမာရေးဖောင်ဒေးရှင်းညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဆရာ၊ ဆရာမများအား ယခုထက် ပိုမိုလှူဒါန်းနိုင်ရေး၊ အလှူငွေများ ရရှိရေး၊ အစည်းအဝေးထပ်မံကျင်းပနိုင်ရေး တို့ကို ဆွေးနွေးခဲ့ကြပြီး အလှူငွေများ လူဒါန်းလိုပါက ဒေါက်တာကျော်သက်နိုင် ဘဏ္ဍာရေးမှူး ဖုန်း ၀၉-၇၇၆၂၆၈၉၉၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေစဉ်သတင်းအဖွဲ့)



ညောင်ဦးမြို့နယ်၌ ရူပါအယ်လ်နီညိုကာလ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းက ရူပါအယ်လ်နီညိုကာလ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်တိုဘာ ၃၁ ရက် ခုနှစ် ပိုင်းက ညောင်ဦးမြို့နယ်မြင်းကပါကျေးရွာရှိ အရိမဒ္ဒနပူရ ယွန်းထည်အလုပ်ရုံသို့ သွားရောက်ပြီး လုပ်ငန်းရှင်နှင့် အလုပ်ရုံဝန်ထမ်းများကို တွေ့ဆုံကာ အယ်လ်နီညိုအပူဒဏ် အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးလုံခြုံရေး ဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် လက်ထောက် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လုပ်ငန်းခွင်အတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ ရေလောင်ကန်များ ရေဖြည့်တင်းထားမှု ရှိ၊ မရှိနှင့် မီးဘေးကြိုတင်ကာကွယ်ရေးသုံးပန္ထည်းများ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင် မီးဘေးစိုးရိမ်ရမှု ရှိ၊ မရှိ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံလာပါက အရေးပေါ်အကူအညီရယူနိုင်ရန်အတွက် မိုဘိုင်းဖုန်းများတွင် 191 Report Application ထည့်သွင်းအသုံးပြုနည်းအကြောင်းကို ရှင်းလင်းပြောကြား၍ မီးဘေးအန္တရာယ်ကင်းဝေးစေရန် စီမံဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းအား ဓာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre တွင် ယမန်နေ့ညနေ ၄ နာရီက စူပါအယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့် အပူဒဏ်ကာကွယ်ရေးအသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကို အများပြည်သူနားလည်သိရှိစေရန် ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲတွင် သတင်းပြုရမည့် အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ၊ ကြိုတင်ကာကွယ်နေထိုင်နည်းများ၊ အပူရှောင်စခန်းများ ဖွင့်လှစ်မည့် အစီအစဉ်များ၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှုများ၊ အယ်လ်နီညို အပူဒဏ်ကြောင့် မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေး၊ တောမီးလောင်ခြင်းအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးနှင့် အများပြည်သူသို့ အသိပညာပေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်း၊ မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမင်းသန့်နှင့် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးရေခဲတို့က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ရွှေရုန်ကင်း

o–o–o–o–o–o–o



ဘေးမဲ့နွားများ ပြည်သာယာဘေးမဲ့ခြံသို့ ပြောင်းရွှေ့

မန္တလေး နိုဝင်ဘာ ၁

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော်၊ နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းချုပ် နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အတိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော အဖွဲ့သည် မန္တလေး၊ ဆည်တော်လေး နွားဘေးမဲ့ဥယျာဉ်သို့ ရုပ်ဝေးရုပ်နီးမှ (အဘယ)ဒါန အဖြစ် အသီးသီးလှူထားကြသည့် နွားများကို အစာရေစာအခက်အခဲကြောင့် ယမန်နေ့က အဆိုပါ ဆည်တော်လေး ဘေးမဲ့ဥယျာဉ်မှ မန္တလေးတိုင်း မတ္တရာမြို့နယ် ပြည်သာယာရွာရှိ ဓမ္မူအေး(ဘ·က)ကျောင်းသို့ ကုန်းကြောင်းဖြင့် နွားထီး၊ နွားမ အကောင်ရေ ၃၄ ကောင်ကို ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က ဦးဆောင်ရွေ့ပြောင်းခဲ့သည်။

အဆိုပါ ပြည်သာယာရွာရှိ ဓမ္မူအေး(ဘ·က)ကျောင်းသည် ဘာသနာပြုကျောင်းဖြစ်ရုံသာမက ယခင် မင်းတပ်ခွဲရိုးနဲ့ဆရာတော်က ဦးဆောင်လျက် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်း၏ နွားဘေးမဲ့ကိုယ်စား အသင်းရုံးကိုယ်စား စောင့်ရှောက်မွေးမြူမည်ဖြစ်သည်။ အသင်းရုံးမှ တာဝန်ရှိသူအား မေးမြန်းရာ နောက်ထပ် ဆိတ်အကောင်ရေ ၆၈ ကောင်ကိုလည်း ပို့ရန်စီစဉ်ထားသည်။ အလှူရှင်များအနေဖြင့် နွား၊ ဆိတ်တို့အား ၄င်းတို့အတွက် အစားအစာများ လူဒါန်းကုသိုလ်ပြုလိုပါက ဖုန်းနံပါတ် ၀၉-၉၇၅၀၇၄၄၆၆ တို့ကို ဆက်သွယ်လူဒါန်းနိုင်ကြောင်း သိရသည်။

(၀၄၉)

o–o–o–o–o–o–o



ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ် မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး ယာဉ်ရဉ်းကပ်ထိန်းသိမ်းရေး ကြီးကြပ်ရုံးက်ပတ်

အမှားသိစေရန်ကြေညာခြင်း

